မြန်မာ့အလင်း

၁၂၇၅ ခုနှစ် တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားနှံ့တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုးဏ်။

ဝိယဝဂ်(ဓမ္မပဒ-၂၁၇)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် ၂၀၂၃ ခုနှစ်၊ ဧပြီ ၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၂)၊ အမှတ်(၁၈၄)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်အတွင်းရှိ လေယာဉ်ကွင်းများအဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေလေယာဉ်ကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ ကြည့်ရှုစဉ်။

နေပြည်တော် ဧပြီ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရခိုင်ပြည်နယ်အတွင်းရှိ လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❁

ယနေ့ ဖတ် စ ရာ

နေပြည်တော်မှ တိမ်ပင်လယ်

ရွှေနိုင်ငံမြင်ကွင်းကျယ် စာ - ၁၆

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အဆင့်မြင့်နည်းပညာများတွင် တရုတ်နှင့်ရှုရှား ပူးပေါင်းသွားရန်ရှိ

ကုန်သွယ်စီးပွား စာ - ၁၈

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဧပြီ ၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ သတင်းစဉ်

ပါဠိပထမပြန်စာမေးပွဲ ပဥ္စမနေ့ ကျင်းပ

နေပြည်တော် ဧပြီ ၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့(ပဥ္စမနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၂၉ ဌာနတို့၌ စာဖြေစာရင်းသွင်း ၃၀၉,၇၄ ပါး/ဦး အနက် ၂၅,၁၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၄၂ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၁၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၁၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို မတ် ၃၀ ရက်က နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များက သင်တန်းထူးချွန်ဆု ရရှိသူများ၊ ရုံးတက်မှန်ဆု ရရှိသူများနှင့် အားကစား ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ဆုချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌက ဝန်ထမ်း ၁၁၉ ဦး အတွက် ရုံးဝတ်စုံ (အမျိုးသားတိုက်ပုံ၊ အမျိုးသမီးကုတ်အင်္ကျီ) များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ၂၀၂၂ ခုနှစ်အတွင်း ဖြတ်သန်းလာသည့် လုပ်ငန်းဆောင်ရွက်မှု Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ (၁၂)နှစ်မြောက် ရုံးနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများကို လက်ကိုင်ဗုန်းများနှင့် အခြားသော ဆုမဲများ ကံစမ်းမဲဖောက် ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များသည် ဝန်ထမ်းများနှင့် အတူ ညနေစာ သုံးဆောင်ခဲ့ကြပြီး ဝါသနာရှင်ဝန်ထမ်းများ၏ သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အထူးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဧပြီ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning ဦးဆောင်သော အထူးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်က လာအိုနိုင်ငံမှ တစ်ဆင့် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

အထူးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဗြိုးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့် သံရုံးတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ) သတင်းစဉ်**

မလှိုင်မြို့နယ်၌ သမဝါယမအသင်းသားများအား စုဆောင်းငွေအပေါ် အတိုးနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်

မလှိုင် ဧပြီ ၁

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် သမဝါယမအသင်းသားများအား စုဆောင်းငွေအပေါ် အတိုးနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မလှိုင်မြို့နယ်အတွင်းရှိ ပျူကန်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၈၈ ဦးအား လည်းကောင်း၊ တော်ဝင်ငွေစုငွေချေး သမဝါယမအသင်းမှ အသင်းသား ၁၅ ဦးအားလည်းကောင်း သက်ဦးနှံကာလအထောက်အပံ့ဖြစ်စေရန် အတွက် အသင်းသားပိုင်ဆိုင်သော စုဆောင်းငွေပေါ် အတိုးငွေစုစုပေါင်း ငွေကျပ် ၁၆၀၆၅,၃၀ နှင့် အသင်းမှ ငွေကျပ် ၂၀,၅၀၀,၀၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အဆိုပါပေးအပ်ပွဲတွင် မလှိုင်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းကိုက သမဝါယမဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စုဆောင်းငွေများ ဆက်လက်စုဆောင်းကြစေရေး၊ စုဆောင်းတတ်သည့် အလေ့အကျင့်ကောင်းများမှ ရရှိနိုင်မည့်ကောင်းကျိုးများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး အသင်းသားများက သိရှိလိုသည်များကို မေးမြန်းကြရာ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားဆောင်ရွက်ပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ပြည်တွင်းခရီးသွားများကို ဆွဲဆောင်နိုင်သည့် ဒေသဖြစ်ရေး

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပြုလုပ်ခဲ့သော ပြည်တွင်းခရီးသွားစစ်တမ်းအရ မြန်မာနိုင်ငံသားများ အများဆုံးသွားရောက်လည်ပတ်ခဲ့ကြသော မြို့ပေါ်မြို့မှာ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ တောင်ကြီးတို့ဖြစ်ပြီး ပျမ်းမျှရက်ပေါင်း ၁၀ ရက်ခန့် နေထိုင်ကြသည်ဟု ဆိုသည်။ နိုင်ငံတော်အစိုးရရုံးစိုက်ရာဖြစ်ပြီး နိုင်ငံ၏ အချက်အချာနေရာတွင် တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေး လွန်စွာကောင်းမွန်သော နေပြည်တော်မြို့တော်မှာ ပြည်တွင်းခရီးသွားတို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်သော ထိပ်ဆုံးမြို့များ စာရင်းဝင်လာနိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်သွားရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတော်၏ မြို့တော်ဖြစ်သော နေပြည်တော်ကို Green City, Clean City, Smart City ဖြစ်လာစေရန်နှင့် ခရီးသွားလုပ်ငန်း အချက်အချာဖြစ်လာစေရန်၊ ဆွဲဆောင်မှုရှိပြီး ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လိုသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်လာစေရန် ဆောင်ရွက်မှုများရှိပြီးဖြစ်သည်။ ပဲခူးရိုးမနှင့် ရှမ်းရိုးမတောင်တန်းများကြား လွင်ပြင်ဒေသတွင် တည်ရှိပြီး သဘာဝမြစ်ချောင်းအင်းအိုင်များနှင့်အတူ စိုက်ပျိုးရေးဖြစ်ထွန်းသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေးကို အခြေခံသည့် ခရီးသွားလုပ်ငန်းများဖော်ဆောင်ရန်၊ သဘာဝအလှအပများ၊ ဒေသထွက်ကုန် မျှစ်ချဉ်ထုတ်လုပ်မှုနှင့် တိုင်းရင်းသားရိုးရာဓလေ့တို့ကို အခြေခံ၍ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကျေးရွာများ အကောင်အထည်ဖော်ရန် လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်ကပင် ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုအခါ နေပြည်တော်တွင် ကမ္ဘာ့ဥဘဏ်တော်အမြင့်ဆုံး ထိုင်တော်မှ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးကို တည်ထားလျက်ရှိပြီး ဥပ္ပါတသန္တိ စေတီတော်၊ မဟာသကျရံသီရပ်တော်မှ ဗုဒ္ဓရုပ်ပွားတော်ကြီး၊ နေပြည်တော်ဗုဒ္ဓဂယာ၊ ညောင်ပင်ကြီးစု နေပြည်တော်ပုဂံ ရှေးဟောင်းဘုရားများ၊ စိမ်းလန်းစိုပြည်သည့် ပန်းဥယျာဉ်များ၊ ပြတိုက်များ၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ တိုင်းရင်းသားကျေးရွာ စသည်တို့တည်ရှိပြီးဖြစ်သော်လည်း တစ်နေရာနှင့်တစ်နေရာ အလှမ်းဝေးခြင်း၊ အချိန်ပေးရခြင်းတို့က အားနည်းချက်သဖွယ်ဖြစ်နေသည်။ ဘုရားတစ်ဆူပြီး တစ်ဆူဖူးရင်း ဒေသထွက်ကုန်များဝယ်ယူ၍ ဒေသအစားအစာများ စားသောက်လေ့ရှိကြသည့် ပြည်တွင်းခရီးသွားအများစုတို့၏ အလေ့အထနှင့်ဆိုလျှင် နေပြည်တော်သည် ဆွဲဆောင်မှု နည်းနေဦးမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် လူအများ ပါဝင်လုပ်ကိုင်ကြရသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး ခရီးစဉ်ဒေသတစ်ခုဖြစ်လာသည်နှင့်အမျှ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းတို့ ပွင့်လန်းလာစေသည်။ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများ၊ ကား၊ ရေယာဉ် စသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်၊ ဒေသထွက်ကုန်နှင့် အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချမှုလုပ်ငန်းများ စသည်တို့မှတစ်ဆင့် ဒေသတွင်းဝင်ငွေများ စီးဝင်လာစေသည်။ ခရီးသွားများ ဝင်ရောက်လည်ပတ်မှု များပြားလာသည့် ဒေသများမှာ စီးပွားရေးဖွံ့ဖြိုးလာစေသည်။ ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဖြစ်ရာ ခရီးသွားတို့အပေါ်တွင် ဒေသခံတို့၏ နွေးထွေးပျူဂျာမှု၊ ယဉ်ကျေးဖော်ရွေမှု၊ ရိုးသားမှန်ကန်မှု ဖေးမကူညီပေးမှုတို့ကလည်း လွန်စွာအဖိုးတန်လှသော ဆွဲဆောင်မှုပင်ဖြစ်သည်။

နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ရှိ သဘာဝတောတောင်ရေမြေ အလှအပများစွာတို့မှာ ပြည်တွင်း ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာများပင်ဖြစ်သည်။ ဒေသတွင်ရှိနေသည့် စိတ်ဝင်စားဖွယ်ရာ ခရီးစဉ်ဒေသများကို ပြည်တွင်း ပြည်ပ ခရီးသွားများ ပိုမိုသိရှိလာအောင် သတင်းအချက်အလက်များ စဉ်ဆက်မပြတ် ထုတ်ပြန်ပေးခြင်း၊ ခရီးစဉ်ဒေသ စေ့းကွက်မြှင့်တင်မှုများ ပိုမိုပြုလုပ်ခြင်း၊ ခရီးသွားများအား ဆွဲဆောင်နိုင်မည့် အစီအစဉ်များ ရာသီအလိုက် ပြုလုပ်ခြင်းဖြင့် ပြည်တွင်းခရီးသွားများ အများဆုံးလည်ပတ်သည့် ဒေသအဖြစ် ကြိုးပမ်းအကောင်အထည်ဖော်နိုင်ပါစေကြောင်း။ ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စစ်တွေလေဆိပ်ဧည့်ခန်းမဆောင်၌ ဒုတိယဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

❁ *ရေးဖိုးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စစ်တွေလေဆိပ် ဧည့်ခန်းမဆောင်၌ ဒုတိယဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများက စစ်တွေ၊ ကျောက်ဖြူနှင့် သံတွဲလေယာဉ်ကွင်းများ၏ သမိုင်းအကျဉ်းနှင့် လေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များ၊ လေယာဉ်များဆင်းသက်နိုင်မှု၊ လေဆိပ်ဆိုင်ရာအချက်အလက်များ၊ လေဆိပ်အထောက်အကူပြုစက်ကိရိယာများနှင့် လေကြောင်းဆက်သွယ်ရေးစက်များ တပ်ဆင်ထားမှု၊ လုံခြုံရေးစက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ လေယာဉ်ပြေးလမ်းများနှင့် လေဆိပ်များ တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်မှုလုပ်ငန်းများ အဆင့်လိုက် ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လေယာဉ်ကွင်းများသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စနစ်တကျတည်ဆောက်ရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လေယာဉ်ကွင်းများ တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် လေယာဉ်ပြေးလမ်းများကို ရေရှည်အတွက် မျှော်တွေးပြီး စနစ်တကျတွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ လေယာဉ်ပြေးလမ်းများ တိုးချဲ့အဆင့်မြှင့်တင်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိအောင် တည်ဆောက်ရန်လိုကြောင်း၊ လေယာဉ်ရပ်နားရန်နေရာများ တည်ဆောက်ရာတွင်လည်း စနစ်တကျတည်ဆောက်ရန် လိုကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် နောင်အချိန်တွင် ဆိပ်ကမ်းစက်မှုလုပ်ငန်းများ တိုးတက်လာပြီး ကုန်သွယ်မှုများပါ မြင့်တက်လာနိုင်ခြင်းကြောင့် နိုင်ငံခြားခရီးသွားများလည်း ပိုမိုဝင်ရောက်လာနိုင်ပြီး ကုန်တင်လေယာဉ်ကြီးများပါ ဝင်ရောက်လာနိုင်သဖြင့် လေယာဉ်ပြေးလမ်းတိုးချဲ့ရာ၌ ယင်းအတွက်လည်း မျှော်မှန်းဆောင်ရွက်သွားရန်လိုကြောင်း။

အဆင့်လိုက်ဦးစားပေးဆောင်ရွက်

စစ်တွေလေယာဉ်ကွင်းသည် ပြည်နယ်၏ မြို့တော်ကွင်းဖြစ်ကြောင်း၊ ထို့ကြောင့် A-320 ၊ B-737 စသည့်လေယာဉ်များ ဆင်းသက်နိုင်မည့် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းနှင့် လေဆိပ်တိုးချဲ့ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းကို အဆင့်လိုက် ဦးစားပေးအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ သံတွဲလေယာဉ်ကွင်းသည်လည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများဝင်ရောက်မှုများပြားသည့်အတွက် ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့် အထိ မြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် ပြည်တွင်းလေကြောင်း ပြေးဆွဲမှုများကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် နည်းတူ မိမိတို့နိုင်ငံတွင်လည်း ပြည်တွင်းလေကြောင်း ပြေးဆွဲမှု အဆင့်မြှင့်တင်တိုးတက်စေရေး ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းခရီးသွားလာမှုကို ပိုမိုအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

လိုအပ်သည်များ လမ်းညွှန်မှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေလေယာဉ်ကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

- **❖ လေယာဉ်ကွင်းများ တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်မှုများဆောင်ရွက်ရာတွင် လေယာဉ်ပြေးလမ်းများကို ရေရှည်အတွက် မျှော်တွေးပြီး စနစ်တကျတွက်ချက် ဆောင်ရွက်ရန်လို၊ လေယာဉ်ပြေးလမ်းများ တိုးချဲ့အဆင့်မြှင့်တင်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိအောင် တည်ဆောက်ရန်လို**
- **❖ ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် နောင်အချိန်တွင် ဆိပ်ကမ်းစက်မှုလုပ်ငန်းများ တိုးတက်လာပြီး ကုန်သွယ်မှုများပါ မြင့်တက်လာနိုင်ခြင်းကြောင့် နိုင်ငံခြားခရီးသွားများလည်း ပိုမိုဝင်ရောက်လာနိုင်ပြီး ကုန်တင်လေယာဉ်ကြီးများပါ ဝင်ရောက်လာနိုင်သဖြင့် လေယာဉ်ပြေးလမ်းတိုးချဲ့ရာ၌ ယင်းအတွက်လည်း မျှော်မှန်းဆောင်ရွက်သွားရန်လို**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ငရုတ်ကောင်းမြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ငရုတ်ကောင်း ဧပြီ ၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ငရုတ်ကောင်း / ဂျော်ရန်ဂျီကျွန်း ဆက်သွယ်သော ချောင်းဝတံတားစီမံကိန်း တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး(ယာပုံ) တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့အဆင့်ဌာနဆိုင်ရာများ၊ ရပ်မရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များတင်ပြမှုအပေါ် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငရုတ်ကောင်းမြို့ တိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ဆွေးထွေးစွာ လိုက်လံကြည့်ရှုအားပေးပြီး လူနာများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ငရုတ်ကောင်းမြို့ တိုက်နယ်ဆေးရုံအတွက် အလှူငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ငရုတ်ကောင်း(ပြန်/ဆက်)

တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် ဧပြီ ၁

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဧလ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နွေရာသီအခြေခံအားကစားသင်တန်းမှ သင်တန်းသား သင်တန်းသူများ၏ အားကစားနည်း တစ်ခုချင်းစီအလိုက် သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

ရခိုင်ပြည်နယ်၊ အားကစားနှင့် ကာယပညာကော်မတီမှ ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်း သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရခိုင်ပြည်နယ်၊ အားကစားနှင့် ကာယပညာကော်မတီမှ ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်း သရုပ်ပြလေ့ကျင့်မှုများကို စစ်တွေမြို့ ဥညဝတီအားကစားကွင်းရှိသွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား နွေရာသီအခြေခံအားကစားသင်တန်း သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများက အလေးပြုကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နွေရာသီအခြေခံအားကစားသင်တန်းမှ သင်တန်းသား သင်တန်းသူများ၏ အားကစားနည်း တစ်ခုချင်းစီအလိုက် သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးသည်။

စားသောက်ဖွယ်ရာများပေးအပ်

သရုပ်ပြလေ့ကျင့်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ သင်တန်းသားကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အားကစားကွင်းစနစ်တကျရှိစေရေးနှင့် အားကစားကဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အားကစားနည်း ၁၆ မျိုး လေ့ကျင့်သင်ကြားပေး

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းကို လူငယ်မောင်မယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အားကစားအသိစိတ်ဓာတ် ပိုမိုတိုးပွားလာခြင်းမှ တစ်မျိုးသားလုံး ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိမိဝါသနာပါသည့် အားကစားနည်းကို လေ့ကျင့်လိုက်စားခြင်းမှ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ကျောင်းသား လူငယ်မောင်မယ်များအတွက် နွေရာသီ ကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး ဧပြီ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် အားကစားနည်း ၁၆ မျိုးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၁၈၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းသား သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများကို သင်တန်းသားကိုယ်စားလှယ် နှစ်ဦးထံ ပေးအပ်စဉ်။

နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများအား ယနေ့ နေ့လယ်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၁

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လွိုင်လင်မြို့တွင် ၀ ဒသမ ၂၄ လက်မဖြစ်သည်။ **မိုး/ဧလ**

လူသားတိုင်းသည် အသက်အရွယ်မရွေး နွေးထွေးကြင်နာမှုကို လိုလားကြပြီး အထူးသဖြင့် ဘိုးဘွားများကဲ့သို့ အသက်အရွယ်ကြီးရင့်သူများကို ကြင်နာနွေးထွေးစွာ နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်

နေပြည်တော် ဧပြီ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယခုနှစ်နက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား ဘိုးဘွားရိပ်သာ ဓမ္မာရုံ၌ ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌ ဦးရွှေထွန်းအောင်က ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာ၏ အချက်အလက်များနှင့် သမိုင်းအကျဉ်း၊ ဘိုးဘွားများ၏ စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေး ဆိုင်ရာများကို စောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဘိုးဘွားရိပ်သာအတွက် အလှူရှင်များက လှူဒါန်းလျက်ရှိသကဲ့သို့ နိုင်ငံတော်မှလည်း နှစ်စဉ်ထောက်ပံ့လှူဒါန်းပေးလျက်ရှိမှု၊ ဘိုးဘွားရိပ်သာတွင် ဂိလာနအဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး ဘိုးဘွားရိပ်သာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဘိုးဘွားများ၏ ကျန်းမာရေး၊ နေထိုင်ရေးနှင့် စားသောက်နေထိုင်ရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နွေးထွေးစွာနေနိုင်အောင်ဆောင်ရွက်

ယင်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက် စကားပြောကြားရာတွင် ဗုဒ္ဓဘာသာတွင်သာမက အခြားဘာသာများတွင်လည်း မိမိတို့ထက် အသက်အရွယ်ကြီးရင့်သူများကို ပြုစုစောင့်ရှောက်ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ဘိုးဘွားများကို စောင့်ရှောက်လျက်ရှိသူများ အနေဖြင့် ဘိုးဘွားများ ကိုယ်စိတ်နှလုံးရှင်လန်းစွာဖြင့် နေထိုင်စေရေးဆောင်ရွက်ပေးရန် လိုကြောင်း၊ ဘိုးဘွားများအနေဖြင့်လည်း မိမိတို့ဘဝအတွက် အကောင်းဆုံး အခြေအနေကိုရောက်ရှိနေပြီဟု နှလုံးသွင်းပြီး ကုသိုလ်ဘာဝနာများ ပွားများ၍ စိတ်နှလုံးရှင်လန်းစွာဖြင့် နေထိုင်နိုင်ရန်လိုကြောင်း၊ လူသားတိုင်းသည် အသက်အရွယ်မရွေး နွေးထွေးကြင်နာမှုကို လိုလားကြကြောင်း၊ အထူးသဖြင့် ဘိုးဘွားများကဲ့သို့ အသက်အရွယ်ကြီးရင့်သူများကို နွေးထွေးစွာဖြင့် နေထိုင်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိတ်ကျန်းမာမှသာ ကိုယ်ကျန်းမာမှုကို အထောက်အကူပြုမည်ဖြစ်ပြီး ယခုကဲ့သို့ ဘိုးဘွားများကို ကျန်းမာစွာဖြင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုထက် အသက်ရှည် ကျန်းမာစွာဖြင့် နေထိုင်နိုင်ကြစေရန် ဂါရဝပြု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဂါရဝပြုပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ဦးချင်း လက်ရောက်ဂါရဝပြု ပေးအပ်လှူဒါန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားသည်။ ဆက်လက်ပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့် ဇနီးများကလည်း သက်ကြီးဘိုးဘွားများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အဘိုးအဘွားများ ကိုယ်စား အသက် ၉၃ နှစ်ရှိ အဘွားဒေါ်မစောခိုင်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းနှင့် ဆုမွန်ကောင်းစကားများ ပြန်လည်ပြောကြားသည်။

မှတ်တမ်းတင်လက်မှတ်ရေးထိုး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုးဘွားရိပ်သာ အတွင်းရှိ စားရိပ်သာနှင့် ဘိုးဘွား

စာမျက်နှာ ၆ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

စာမျက်နှာ ၅ မှ

အိပ်ဆောင်များအတွင်း လှည့်လည်ကြည့်ရှု၍ ဘိုးဘွားများ စိတ်အေးချမ်းမြေစွာဖြင့် နေထိုင်နိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများကို မှာကြားကာ ကျန်းမာရေး အခက်အခဲကြောင့် အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသည့် သက်ကြီးဘိုးဘွားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

အလှူငွေပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သက်ကြီးဘိုးဘွားများအတွက် စုပေါင်းအလှူငွေများကို ပေးအပ်ရာ ရိပ်သာကော်မတီဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာကို ၁၉၈၄ ခုနှစ်တွင် သင်္ဂန်းကျေးရွာ၌ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၇ ခုနှစ်တွင် စစ်တွေမြို့ မေယုလမ်း ဧည့်ဝတီ(က) ရပ်ကွက်သို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရိပ်သာတွင် အဘိုးကိုး ဦး၊ အဘွား ၃၂ ဦးတို့ကို ပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး အသက်အကြီးဆုံး အဘွားမှာ ၉၃ နှစ်ဖြစ်ပြီး အသက်အကြီးဆုံး အဘိုးမှာ ၈၆ နှစ်ဖြစ်ကြောင်းနှင့် ဘိုးဘွားများ၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သက်ကြီးဘိုးဘွားများအတွက် စုပေါင်းအလှူငွေများကို ပေးအပ်ရာ ရိပ်သာကော်မတီဥက္ကဋ္ဌက လက်ခံယူစဉ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (၈၆) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (၈၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယ စာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများ၊ ခရိုင်၊ မြို့နယ်ဒေသစာရင်းစစ်ရုံးများ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဝန်ထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

စာရင်းစစ်ဝန်ထမ်းကောင်းများဖြစ်အောင်ကြိုးစား

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ခေတ်စနစ်နှင့်ကိုက်ညီသော စစ်ဆေးရေးပညာရပ်များအသုံးပြု၍ စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အချိန်နှင့် တစ်ပြေးညီစစ်ဆေးခြင်း (Real Time Audit) ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ စတင်စစ်ဆေးလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှစ၍ ၂၀၂၁-၂၀၂၃ ခုနှစ်အတွက် ASEANSAI အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ASEANSAI စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့အကျိုးသယံဇာတပိုးဆောင်ရွက်နိုင်သည့် နိုင်ငံ၀န်ထမ်း စာရင်းစစ်ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။(**အေပေါ်ပုံ**)

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းလွှာ Video Clip ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယစာရင်းစစ်ချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့က ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်အကောင်းဆုံးဆု၊ ရုံး မဂ္ဂဇင်းစာမူရှင်ဆု၊ ဆန်းသစ်တီထွင်ဆု၊ ရုံးမဂ္ဂဇင်းစာမူရှင်ဆု၊ စီမံနှင့် စစ်ဆေးရေးစွမ်းဆောင်ရည် အကောင်းဆုံးဆုနှင့် သင်ကြားမှုထူးချွန်ဆု ရရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ရုံးသီချင်း၊ အဆင့်မြင့်ကျောင်းသီချင်း တို့ဖြင့် တစ်နှစ်တာကာလ လှုပ်ရှားဆောင်ရွက်မှု Video Clip ကို ပြသသည်။

ပိုစတာပြပွဲပြိုင်ပွဲကြည့်ရှု

ယင်းနောက် ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများသည် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြပွဲနှင့် ပိုစတာပြပွဲပြိုင်ပွဲကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌတို့က ဆုအမျိုးအစားအလိုက်ဆုရရှိသူနှင့် အကြံပေရေ အများဆုံးသွေးလှူရှင်များကို ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ကံစမ်းမဲဖောက်ပေးခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဧပြီလအတွင်း ဟင်္သာတခရိုင် MSMEs ထုတ်ကုန်ပြပွဲကျင်းပနိုင်ရေး ဆွေးနွေး

ဟင်္သာတ ဧပြီ ၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တွင် MSMEs ထုတ်ကုန်ပြပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းဝေးကို မတ် ၃၀ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်နိုင်ရေး

အစည်းအဝေးတွင် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသထုတ်ကုန်များနှင့် ပတ်သက်၍ ပြပွဲခင်းကျင်းပြသလိုကြောင်း၊ MSMEs လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရက အလေးထားအားပေး ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား၊ အလယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့ ထုတ်ကုန်ပစ္စည်းများကို ယခုလို ကုန်စည်ပြပွဲများ ခင်းကျင်းပြသခြင်းဖြင့် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်နိုင်ရေးကို ထောက်ကူပြုပေးနိုင်သလို ပြပွဲကာလအတွင်း ထုတ်ကုန်များနှင့် ပတ်သက်၍ အရောင်းမြှင့်တင်ခြင်းကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ ဒေသလုပ်ငန်းရှင်များအနေဖြင့် ပြပွဲတွင် ပါဝင်ပြသနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ယခင်ပြခန်းများ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့် ယခုမိမိဒေသတွင် ပြသနိုင်မည့်အခြေအနေများကို ဆွေးနွေးသည်။

ပြပွဲပြသနိုင်ရေးဆွေးနွေး

ထို့နောက် MSMEs ထုတ်ကုန်ပြပွဲကျင်းပနိုင်ရေးအတွက် ဧပြီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက် လျာထားသတ်မှတ်ပြီး ပြခန်းပေါင်း ၂၁ ခန်းပါဝင်ပြသရန် ပဏာမညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၁

တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ (၂၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၂၅) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဧရာဝတီရိုမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အလင်းသတင်းစာတိုက်ဝန်ထမ်းများအတွက် ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာနယ်ဇင်းလုပ်ငန်းက သတင်းအပြိမ်းစား စာတည်းမှူးချုပ်များ၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးထွန်း၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် (ယာပုံ) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် မြန်မာနိုင်ငံ၌ သက်တမ်းရှည်ကြာပြီဖြစ်သည့် အစဉ်အလာရှိသော အများပြည်သူဝန်ဆောင်မှုဌာနကြီးဖြစ်ပါကြောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက သတင်းမူဝါဒနှင့်အညီ ပြည်သူများကို မှန်ကန်သည့်အသိအမြင်များ ပိုမိုတိုးတက် ပေးဝေနိုင်ရန်အတွက် ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်ပေးပြီး သတင်းစာသုံးစောင်ကို ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း။

တိုးတက်အောင် ဆောင်ရွက်

မျက်မှောက်ကာလတွင် ပြန်ကြားရေးကဏ္ဍ၏ အဓိကလိုအပ်ချက်မှာ မြန်မာတစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးကိုပါ သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ ပျံ့နှံ့စေရန်ဖြစ်ပါကြောင်း၊ သို့သော် လိုအပ်ချက်များ ရှိနေသည်ကို လည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် အနာဂတ်ကာလတွင် Myanmar Digital News ကို ယခုထက်မက တိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်ယူခဲ့သည့် နှစ်နှစ်တာကာလအတွင်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် အထူးကဏ္ဍများကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အထူးဆောင်းပါးအချပ်ပိုများ၊ Photo Page စာမျက်နှာများ၊ သတင်းလွှာများ ထုတ်ဝေဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ ဌာနအသီးအသီးမှ ထုတ်ပြန်ခြင်းနှင့် သတင်းစာ ထုတ်ဝေခြင်း လုပ်ငန်းတို့ကို ဦစားပေး အကောင်အထည်ဖော်သည့် ဌာနဖြစ်ပါကြောင်း၊ သတင်းစာတစ်စောင် ထုတ်ဝေရန် ဆိုသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ဘဲ အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာရှိပါကြောင်း။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ဆက်လက်ပြီးလည်း နိုင်ငံတော်နှင့် ပြည်သူ့အတွက် တာဝန်ကျေပွန်အောင် ထမ်းဆောင် သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ကာလတွင် ပြည်သူများအား မှန်ကန်သည့် အသိပညာ ဗဟုသုတ သတင်းအချက်အလက်များ ပေးနိုင်ရေးသည် အရေးကြီးနေပါကြောင်း၊ ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆနှင့် အလုပ်အကိုင်များ မှန်ကန်စေရန် အတွက် နိုင်ငံပိုင်မီဒီယာများက ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ ရှေ့ရေးအတွက် အစိုးရ၏ကြိုးပမ်းဆောင်ရွက်ချက်များကို ပြည်သူများ သိရှိစေရန် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကဏ္ဍသစ်များ ဖန်တီးဖော်ပြခြင်းနှင့် အသွင်အပြင်ဆန်းသစ်ဖော်ပြနိုင်ခဲ့သည့် မြန်မာ့အလင်းသတင်းစာတိုက် ဝန်ထမ်းများ၊ ကဏ္ဍသစ်များ စဉ်ဆက်မပြတ် ထည့်သွင်းခြင်းနှင့် ကြေငြာဝင်ငွေ အများဆုံး ရှာဖွေပေးနိုင်ခဲ့သည့် ကြေးမုံသတင်းစာတိုက် ဝန်ထမ်းများ၊ နိုင်ငံတော်နှင့် ပြည်ထောင်စုအဆင့် သတင်းများ၊ တွေ့ဆုံမေးမြန်းခန်းများ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ရယူနိုင်ခဲ့သည့် မြန်မာ့သတင်းစဉ် ဝန်ထမ်းများအတွက် အသိအမှတ်ပြု ချီးမြှင့်သည့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဒစ်ဂျစ်တယ်စနစ်ဖြင့် သတင်းများ ဖြန့်ဝေနိုင်ခဲ့သည့် မြန်မာ ဒစ်ဂျစ်တယ်နယူးစ်ဌာန ဝန်ထမ်းများနှင့် သတင်းစာများတွင် သတင်းများ ထည့်သွင်းဖော်ပြနိုင်ရေး စီမံခန့်ခွဲမှုကောင်းမွန်သည့် ရုံးချုပ် (သတင်းဌာန) မှ ဝန်ထမ်းများအတွက် အသိအမှတ်ပြု ချီးမြှင့်သည့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ရုံးချုပ် (စီမံ၊ ငွေစာရင်း၊ ထုတ်လုပ်ဌာန)မှ ဝန်ထမ်းများ၊ ကိုယ်တွား သတင်းစာတိုက် (မန္တလေး၊ မော်လမြိုင်၊ မုံရွာနှင့် စစ်တွေ)တို့မှ ဝန်ထမ်းများအတွက် အသိအမှတ်ပြု ချီးမြှင့်သည့် ဂုဏ်ပြုဆုများကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသူ ခုနစ်ဦး အတွက် ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း၊ ဝန်ထမ်းများအတွက် ဝတ်စုံများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် (ငြိမ်း) သတင်းစာ ဆရာကြီး ဦးမြတ်သူ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)နှင့် အမျိုးသား စာပေဆုရ ကဗျာဆရာ ဇော်မင်းမင်းဦးတို့က မှဒိတာ စကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဧည့်သည်တော်ကြီးများက စက်ဘီးနှင့် ငွေသားကံစမ်းမဲများ ဖောက်ပေးကြပြီး ကံစမ်းမဲပေါက်သူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး နှစ်ပတ်လည်နေ့အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပဉ္စမနေ့အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၁

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကျောင်းသားများ အချင်းချင်း ဒေသဆိုင်ရာဗဟုသုတများ အပြန်အလှန် ဖလှယ်နိုင်ပြီး ဗလငါးတန်ဖွံ့ဖြိုးရေးကို ဦးတည်သည့် ကျောင်းသားရုပ်ဝန်း ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိသော ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ပဉ္စမနေ့အုပ်စုပွဲစဉ်များကို ဧပြီ ၁ ရက်တွင် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဧရာသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၃) ၌ အုပ်စု ၄ နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(က) ရန်ကုန်-ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ၊ မြိတ်)နှင့် အသင်း(ခ) ကွန်ပျူတာတက္ကသိုလ်(ပုသိမ်၊ မအူပင်၊ ဟသ်သတ၊ သထုံ)တို့ ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲအပြီးတွင် ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းပွဲစဉ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ဂိုးမရှိသရေကျခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၁) ၌ အုပ်စု ၄ နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(က) ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာ တက္ကသိုလ် (မော်ဘီ၊ တောင်ငူ)နှင့် အသင်း(ဂ) နည်းပညာ တက္ကသိုလ်(သန်လျင်၊ မော်လမြိုင်၊ ဘားအံ) များမှ ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းပွဲစဉ်တွင် အသင်း(က) မှ အသင်း(ဂ) ကို ၎င်းဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဧရာသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၃) ၌ အသင်း (ဃ) ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မအူပင်၊ ထားဝယ်၊ မြိတ်)နှင့် အသင်း (ခ) ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(စစ်တွေ၊ ပုသိမ်၊ ဟသ်တ)တို့ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲအပြီးတွင် ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပါသည်။ ယင်းပွဲစဉ်တွင် အသင်း(ခ) မှ အသင်း(ဃ) ကို ၎င်းဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် မကွေးမြို့အနီးရှိ ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် မကွေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့အနီးရှိ ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး (Solar+Gas Engine Hybrid)ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး(ယာဝုံ) မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မကွေးမြို့အနီးရှိ ၁၂၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ အင်ဂျင်ပေါင်းစပ်သုံး (Solar+Gas Engine Hybrid)ဓာတ်အားပေးစက်ရုံ စီမံကိန်းသို့ ရောက်ရှိရာ ကုမ္ဗဏီတာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ရက်များတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရမည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျနေသည်များရှိ၍ ယခုတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ပြီး ထပ်မံသတ်မှတ်ထားသည့်ရက်များတွင် လျှပ်စစ်မီးထုတ်လုပ်နိုင်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ထုတ်လုပ်နိုင်ရန်အတွက် ရောက်ရန်ကျန် စက်ပစ္စည်းများကိုလည်း အမြန်ဆုံး ရောက်ရှိအောင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တစ်ချိန်တည်း တစ်ပြိုင်တည်း လုပ်ဆောင်ရမည့် ကိစ္စရပ်များကို အရှိန်အဟုန်နှင့် ဟန်ချက်ညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်အရည်အသွေးပြည့်မီစေရန်နှင့် အခက်အခဲများရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည် ဖြစ်ပါကြောင်း၊ သတ်မှတ်ထားရှိသည့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ အင်ဂျင်ပေါင်းစပ်သုံး(Solar+Gas Engine Hybrid) စက်ရုံမှ သတ်မှတ် ၁၂၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း မြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ Engine Foundation လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဓာတ်အားပေးစက်များ ရောက်ရှိနေမှု၊ Construction Power တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဖြစ်စည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် စီမံကိန်းအတင်လမ်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ၁၂၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ အင်ဂျင်ပေါင်းစပ်သုံး (Solar+Gas Engine Hybrid) ဓာတ်အားပေးစက်ရုံစီမံကိန်းသည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သပြေစမ်းကျေးရွာအနီးရှိ မြေဧရိယာ ၈၀ ၄၉၀ ပေါ်တွင် တည်ဆောက်လျက်ရှိပြီး စက်တပ်ဆင်အင်အားမှာ ၁၂၀ မဂ္ဂါဝပ်ဖြစ်ကာ စီမံကိန်းတစ်ခုလုံးပြီးစီးပါက ထွက်ရှိလာမည့် ဓာတ်အားများကို ၁၃၂ ကေဗီ မကွေးပင်မဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးသွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်း အသေးစား ရေအားအရင်းအမြစ်များရှိ၍ စူးစမ်းလိုသည်များ ရှိပါကလည်း ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ထို့ပြင် စက်မှုဇုန်များအပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် Roof-Top Solar များ ပြုလုပ်၍ အသုံးမပြုသောအချိန်များတွင် ပြန်လည်၍ရောင်းချနိုင်ပါကြောင်း၊ ဆောင်ရွက်ရန် နည်းပညာအရ လိုအပ်သည်များရှိပါကလည်း ပိုင်းဝန်းကူညီဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားရာတွင် မကွေးတိုင်းဒေသကြီးအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထပ်မံထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်ဆဲ၊ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကိုလည်း လုံခြုံရေးအား အလေးထား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများက တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားခကြွေးကျန်များ တိုးတက်ရရှိစေရေး၊ စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အချိန်မီပြီးစီးနိုင်ရေးအတွက် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့နှင့် ပတ်သက်၍အကြံပြုဆွေးနွေးတင်ပြကြပြီး တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သန့်ရှင်းသာယာသောမြို့/ရွာများဖြစ်စေရေးဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

နေပြည်တော် ဧပြီ ၁

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူများအားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ် ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာ လှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိမြို့နယ် ကိုးမြို့နယ်တို့၌ လည်းကောင်း၊ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ စျေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များ စုစည်း၍ “မြို့ရွာ သန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း” စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး မဟာအောင်မြေမြို့နယ် မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရင်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမ့်ရှိစေရန် ပြည်သူများ ထံမှ အမှိုက်တစ်ပိသာလျှင် ၁၀၀ ကျပ်ဖြင့်ဝယ်ယူ၍ စနစ်တကျ အမှိုက် စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/၈လ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

နေပြည်တော် ဧပြီ ၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကျင်းပသော သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည် တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မင်္ဂလာသုတ္တန်တွင် သုံးဆယ့်ရှစ်ပါးသော မင်္ဂလာမည်သည့်အကြောင်းအရာများကို တိကျစွာ ထည့်သွင်းဟောကြားခဲ့ကြောင်း၊ သုံးဆယ့်ရှစ်ဖြာမင်္ဂလာ တရားတော်ထဲတွင် အကြောင်းအရာအားဖြင့် ၁၀ ခုကို အသေးစိတ် ထည့်သွင်းဟောကြားခဲ့ပြီး ဆက်ဆံရေးနှင့် ပတ်သက်သည့် မင်္ဂလာသုံးပါး၊ နေထိုင်ရေးနှင့် ပတ်သက်သည့် မင်္ဂလာသုံးပါး၊ ပညာရေးနှင့် ပတ်သက်သည့် မင်္ဂလာလေးပါး၊ ပြုစုစောင့်ရှောက်ရေးနှင့် ပတ်သက်သည့် မင်္ဂလာသုံးပါး၊ လိုက်နာကျင့်သုံးရေးနှင့် ပတ်သက်သည့် မင်္ဂလာလေးပါး၊ ရောင်ကြဉ်ရေးနှင့် ပတ်သက်သည့် မင်္ဂလာလေးပါး၊ စိတ်ထားရေးနှင့် ပတ်သက်သည့် မင်္ဂလာ ငါးပါး၊ သည်းခံရေးနှင့် ပတ်သက်သည့် မင်္ဂလာ လေးပါး၊ ခြိုးခြံရေးနှင့် ပတ်သက်သည့် မင်္ဂလာ လေးပါး၊ စိတ်ထားကြီးမိုင်ရေးနှင့် ပတ်သက်သည့် မင်္ဂလာလေးပါးတို့ဖြစ်ကြောင်း။

မင်္ဂလာသုတ္တန် တရားတော်ကို အသုံးချနိုင်ရန် အရေးကြီးကြောင်း၊ လောကီမင်္ဂလာတရားတော်များထဲမှ "အသေဝနာစ ဗာလာနံ" လူမိုက်ကို မမှီဝဲ၊ မပေါင်းသင်းဘဲ မိမိကိုယ်ကို အသိနှင့် သတိရှိပြီး မပြုလုပ်မပြုသင့်သည်များကို ရှောင်ကြဉ်ကြရန်နှင့် အလေးထားဆောင်ရွက်ရန် အကြံပြု တိုက်တွန်းလိုကြောင်း၊ ပညာရှိကို မှီဝဲဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ သင့်တင့်လျောက်ပတ်သည့် အရပ်ဒေသတွင် နေထိုင်ခြင်း အစပြုသည့် မင်္ဂလာ တရားတော်များကို လိုက်နာကျင့်သုံးကြရန် အကြံပြု တိုက်တွန်းလိုကြောင်း။

သင်တန်းတွင် ဗုဒ္ဓဝင်နှင့် ပြည်သူ့နီတိလည်း သင်ကြားပေးမည်ဖြစ်ကြောင်း၊ ပြည်သူ့နီတိ ဆိုသည်မှာ ဆက်ဆံရမည့်သူ၊ နေရာဒေသနှင့် အချိန်အခါများ အပေါ်မူတည်၍ ကျင့်သုံးရမည့် လူမှုစည်းမျဉ်း၊ ကျင့်ဝတ်များဖြစ်ပြီး ပြည်သူ့နီတိကို လိုက်နာကျင့်သုံးလျှင် လိမ္မာယဉ်ကျေးသော လူငယ်များ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနာယက (အထက်မြန်မာပြည်) ဦးစိုးနိုင် က အလျှုဒွေကျပ်သိန်း ၅၀၊ ကျောက်စိမ်းပုတီးအကုံး ၅၀၀ နှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ဂုဏ်ထူးဆောင် နာယက ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်ချိုအုန်းက အလျှုဒွေကျပ်သိန်း ၃၀ တို့ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လျှောဒါန်းသည်။

အဆိုပါသင်တန်းကို ရက်သတ္တပတ်တစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောက်ဖိုးမှ*

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ဆီတင်သင်္ဘောကြီး ရန်ကုန်မြို့သို့ ရောက်ရှိလာမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆန်းလင်းက "စားသုံးဆီဖူလုံအောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒီနေ့ဆီသင်္ဘောတစ်စင်းရောက်တယ်။ စားသုံးဆီတွေ ရောက်ရင် MITS ရယ်၊ စားသုံးသူရေးရာရယ်၊ ကျွန်တော်တို့ဆီအသင်းရယ်၊ အခြားပူးပေါင်းအဖွဲ့တွေလာပြီးတော့ ဒီစားသုံးဆီဟာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသုံးဆီတွေ ဟုတ်၊ မဟုတ်၊ စားသုံးဆီအရည်အသွေး သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှု ရှိ၊ မရှိတွေကို တိုင်းတာစစ်ဆေးတယ်၊ တိုင်းတာစစ်ဆေးပြီးတော့မှ ဆီကန်တွေထဲ စနစ်တကျထည့်တယ်"။

"သင်္ဘောကလေးမှာတော့ အခုလောလောဆယ် လက်ကျန်စားသုံးဆီ တန် ၃၀၀၀၀ ရှိတယ်။ အခု သင်္ဘောကြီးမတိုင်မီမှာ သင်္ဘောရှစ်စင်းနဲ့ တန်ချိန် ၃၅၀၀၀ ခန့် ထပ်ရောက်ဖို့ရှိပါတယ်။ အားလုံးပေါင်း တန်ချိန် ၆၅၀၀၀ သင်္ဘောကြီးပြီးတဲ့အခါမှာ သင်္ဘောနှစ်စင်း ထပ်ရောက်မယ်။ တန်ချိန် ၁၁၀၀၀၊ အားလုံးပေါင်း တန်ချိန် ၇၅၀၀၀ ၊ ၇၆၀၀၀ လောက်ရှိတဲ့အတွက်ကြောင့် ဧပြီလမှာတော့ သင်္ဘောကြီးအတွင်း အခါကြီးရက်ကြီးတွေမှာ အလျှုအတန်းတွေလည်းများတယ်။ စားသုံးသူတွေကို အလုံအလောက် စားသုံးနိုင်အောင် အတွက် တင်သွင်းထားပါတယ်။ ဆီတန်ချိန် ၇၅၀၀၀ ဆိုတာ အရင်ကာလတွေထက်ကို ကျွန်တော်တို့ ပိုသွင်းပြီးတော့ ဖူလုံအောင်ဆောင်ရွက်ထားတယ်"။

"စားသုံးဆီတင်သွင်းမှုပိုင်းကတော့ စားသုံးဆီကို ပြည်သူတွေအတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီဖြစ်ရမယ်။ စားသုံးသူများထံကို သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ရောင်းချနိုင်ဖို့အတွက်ကို ကျွန်တော်တို့အသင်းအနေနဲ့ စီစဉ်ဆောင်ရွက်တယ်။ ဖူလုံမှုရှိအောင် ကျွန်တော်တို့ အထူးကြပ်မတ်စီစဉ်ဆောင်ရွက်နေပါတယ်"။

"ဈေးကားတွေကတော့ အခြေခံစားသုံးသူတွေ

ဦးဆန်းလင်း
မြန်မာနိုင်ငံ
ဆီကုန်သည်နှင့်
ဆီလုပ်ငန်းရှင်
များအသင်း
ဥက္ကဋ္ဌ

ဦးရဲထွဋ်နိုင်
ရန်ကုန်တိုင်း
ဒေသကြီး
စားသုံးသူရေးရာ
ဦးစီးဌာန
တိုင်းဦးစီးမှူး

လက်ထဲကို တိုက်ရိုက်ရောက်အောင် စားသုံးဆီ ဝယ်ယူရတဲ့အခါမှာ အခက်အခဲမရှိအောင် ဈေးတွေ လူစည်ကားတဲ့နေရာတွေ၊ မြို့နယ်တော်တော်များများမှာ တစ်နေ့ကို ဈေးကားအစီး ၇၀ လောက်နဲ့ လိုက်လံရောင်းချပေးပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော်တို့အနေနဲ့ အားလုံးကိုရစေချင်ပါတယ်။ သို့ပေမယ့်လည်း ဈေးကားရောက်တဲ့နေရာလောက်ပဲ ရောင်းပေးရတဲ့အတွက် အချို့မရတဲ့ နေရာလေးတွေ လည်းရှိပါတယ်။ ဒါပေမယ့် နောက်နေ့ နောက်နေ့တွေမှာလည်း အလှည့်ကျ တစ်နေရာတည်းမဟုတ်ဘူး နေရာစုံမှာလိုက်ပြီးတော့ ရောင်းနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။ တိုင်းနှင့် ပြည်နယ်တွေမှာ လည်းဒီလိုပဲ ဈေးကားတွေ ထွက်ဖို့အတွက်ကိုလည်း စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးရဲထွဋ်နိုင်က "စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရေး ကြီးကြပ်ရေးကော်မတီအနေနဲ့ စားသုံးဆီတင်သွင်းတာတွေ၊ သိုလှောင်တာတွေ၊ ဖြန့်ဖြူးတာတွေကို ကြီးကြပ်တာတွေရှိတယ်။ အဲဒီကြီးကြပ်နေတဲ့အပိုင်းမှာ ရုံးပိတ်ရက်ကာလတွေ ဆီပြတ်လပ်မှုမရှိအောင် ကျွန်တော်တို့ ဆောင်ရွက်နေတယ်ဆိုတဲ့အပိုင်းလေးကို သိစေချင်လို့ဖြစ်ပါတယ်"။

"အဓိကကတော့ ဈေးကွက်လိုအပ်ချက်ကိုကြည့်တယ်။ ဈေးကွက်လိုအပ်ချက်ကို ကြည့်ပြီးတော့ လိုအပ်တဲ့ဈေးကွက်ပြည့်မီအောင် ဖြန့်ဖြူးတဲ့အပိုင်းကို ကြီးကြပ်တာဖြစ်ပါတယ်။ နောက်တစ်ခုကကြတော့ ပြည်သူတွေအတွက် ကျန်းမာရေးနဲ့ညီညွတ်အောင် ဖြန့်ဖြူးတဲ့အပိုင်း သယ်ဆောင်တဲ့အပိုင်းမှာ ပီပါတွေပုံးတွေနဲ့သယ်ဖို့ စနစ်တကျ ရှိ၊ မရှိ၊ သန့်ရှင်းမှုရှိ၊ မရှိ ကြီးကြပ်တယ်။ ပြီးလို့ရှိရင်ဖြန့်ဖြူးတဲ့ နေရာကနေ သက်ဆိုင်ရာနေရာကို အမှန်တကယ်ရောက်ရှိလား၊ မရောက်ဘူးလား၊ ဈေးကွက်ထဲမှာ ဖြန့်ဖြူးမှုရှိလား၊ မရှိလားဆိုတဲ့ဟာတွေကို အဓိကကြီးကြပ်တဲ့အပိုင်း ဆောင်ရွက်တာဖြစ်ပါတယ်"။

"ကျွန်တော်တို့က ဖြန့်ဖြူးတဲ့အပိုင်းပေါ့။ ပြည်သူတွေကိုရောင်းချတဲ့အပိုင်းမှာတော့ တိုင်းနှင့် ပြည်နယ်အလိုက်ပေါ့။ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းရယ်၊ ကျွန်တော်တို့ဌာနနဲ့ ပူးပေါင်းပြီးတော့မှ ဈေးကားနဲ့ ဖြန့်ဖြူးတာတွေရှိတယ်။ အဓိကက ဈေးကားတွေနဲ့ ဖြန့်ဖြူးတာတွေကို ကျွန်တော်တို့ကြီးကြပ်ပါတယ်။ ပြီးရင် ဆီကုန်သည်တွေကနေဆီတွေကို သက်ဆိုင်ရာနယ်တွေကို ရောက်မရောက်ဈေးကွက်ထဲမှာ ဖြန့်ဖြူးမှုရှိ မရှိ ဈေးကစားဖို့ ရည်ရွယ်ချက်နဲ့ သိုလှောင်တာတွေ၊ ဖြန့်ဖြူးတာတွေ၊ ဈေးဖြင့်တင်ဖို့ရည်ရွယ်ချက်တွေနဲ့ သိုလှောင်တာတွေ ဖြန့်ဖြူးတာတွေ ရှိ၊ မရှိကို ဆောင်ရွက်တာ ဖြစ်ပါတယ်" ဟုပြောသည်။

မြန်မာနိုင်ငံတွင် ဆီစားသုံးသူပြည်သူများ အတွက် စားသုံးဆီလက်ကျန် သုံးသောင်းကျော်ခန့် ရှိပြီး သင်္ဘောကြီးမတိုင်မီ ဆီတင်သင်္ဘောကြီးရှစ်စင်းဖြင့် ဆီတန်ချိန် ၃၅၀၀၀ ထပ်ရောက်မည်ဖြစ်ပြီး သင်္ဘောကလပြီးလျှင်လည်း ဆီသင်္ဘောကြီးနှစ်စင်းဖြင့် ဆီတန်ချိန် ၁၁၀၀၀ ကျော် ထပ်မံရောက်ရှိလာမည်ဖြစ်ရာ စုစုပေါင်းဧပြီကာလအတွင်း ဆီတန်ချိန် ခုနှစ်သောင်း ၆ထောင်ခန့်ရှိမည်ဖြစ်၍ ဆီစားသုံးသူပြည်သူများ အဆင်ပြေစွာ စားသုံးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

သတင်းနှင့် ဓာတ်ပုံ – ကိုကိုဇော်(MNA)

အုတ်တွင်းမြို့နယ်၌ ရှေးဦးသုနာပြုစုနည်း သင်တန်းဖွင့်

အုတ်တွင်း ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်း (၆) တို့ပူးပေါင်း၍ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ရှေးဦးသုနာပြုစုနည်းသင်တန်း ဖွင့်လှစ်သည်။

သင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်း (၆) ဥက္ကဋ္ဌ ဦးခင်မောင်ချိုက နွေရာသီအားလပ်ရက်များတွင် ကျောင်းသား ကျောင်းသူများ ကြက်ခြေနီ အသိပညာနှင့် ရှေးဦးပြုစုနည်း အတတ်ပညာပြန့်ပွားစေရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြား သည်။ထို့နောက်တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ကြက်ခြေနီအသင်း (၆) အဖွဲ့မှ တာဝန်ရှိသူများက စာတွေ့လက်တွေ့ သင်ကြားပို့ချသည်။

အုတ်တွင်းမြို့နယ်၌ ရှေးဦးသုနာပြုစုနည်းသင်တန်းကို နှစ်စဉ်နွေရာသီ အားလပ်ရက်များတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ယခုနှစ်တွင် ဧပြီ ၁ ရက်မှ ၃ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

အေမင်းရည်စော(ပြန်/ဆက်)

လူငယ်ပန်းချီဆရာ လင်းလင်း၏ တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပမည်



မန္တလေး ဧပြီ ၁

လူငယ်ပန်းချီဆရာ လင်းလင်း (Artist LINN LINN) ၏ တစ်ကိုယ်တော်ပန်းချီပြပွဲကို ဧပြီ ၈ ရက်မှ ၁၂ ရက်အထိ မန္တလေးတောင် ပန်းချီပြခန်း၌ ကျင်းပမည်ဖြစ်သည်။

ပန်းချီဆရာ လင်းလင်း၏ ပန်းချီသင် ဆရာများမှာ ဆရာဦးသိန်းဝင်း နှင့် ဆရာ ဦးသက်လွင်တို့ဖြစ်သည်။

ပြသမည့် ပန်းချီကားအမျိုးအစားမှာ Acc/Camvas အမျိုးအစားဖြစ်ပြီး ပန်းချီကားပေါင်း ၇၀ ကျော် ပြသထားမည်ဖြစ်ကာ ပြပွဲမတိုင်မီ ပန်းချီဆရာ လင်းလင်း၏ ပန်းချီကားများ ဝယ်ယူအားပေးသူများ ရှိသည်ဟုလည်း သိရသည်။

ပြပွဲကို ဧပြီ ၈ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူ့သို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဌာနတွင်း အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဌာနတွင်း အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းအခမ်းအနားကို မတ် ၃၀ ရက်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် က ကွန်ပျူတာနည်းပညာနှင့် ဆက်စပ်၍ Artificial Intelligence (AI), Blockchain, Cloud Computing, Data စသည်ဖြင့် ဆန်းသစ်နေသော ပညာရပ်များကို ဆက်လက်လေ့လာသွားရန်နှင့် အစဉ်တစိုက် လေ့လာဆောင်ရွက်ခြင်းသည် Lifelong Learning ပင် ဖြစ်ကြောင်း၊ သင်ကြားပေးမှုများအပေါ် အခြေခံ၍ ဆက်လက်လေ့လာသင်ယူလေ့ကျင့်မှုများ လုပ်ဆောင်သွားကြမည်ဆိုပါက ပိုမိုရှင်းမြင်းရည်ပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ သင်တန်းသား၊ သင်တန်းသူများအတွက် သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ပေးအပ်ပြီး သင်တန်းတွင် ပထမဆုရရှိသည့် သင်တန်းသူကို ဆုချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အမြတ်မဲ့အတွင်းဝန်က ဒုတိယဆုရရှိသည့် သင်တန်းသားကို လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က တတိယဆုရရှိသည့် သင်တန်းသူကို လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြပြီး အခမ်းအနားရုပ်သိမ်းလိုက်သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနရှိ ကွန်ပျူတာသင်တန်းခန်းမသို့ရောက်ရှိပြီး သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများ၏ လက်တွေ့ ကွန်ပျူတာအသုံးပြုနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ယဉ်ကျေးလိမ္မာသင်တန်း၊ အဘိဓမ္မာသင်တန်းနှင့် ဗုဒ္ဓဘာသာအခြေခံ(ဆရာဖြစ်) သင်တန်းဖွင့်ပွဲ အခမ်းအနားများကျင်းပ

နေပြည်တော် ဧပြီ ၁

ယဉ်ကျေးလိမ္မာသင်တန်း၊ အဘိဓမ္မာသင်တန်းနှင့် ဗုဒ္ဓဘာသာ အခြေခံ (ဆရာဖြစ်) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော် ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ဆရာမကြီးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယခုနှစ်နွေရာသီ ကျောင်းပိတ်ရက် နေပြည်တော်အတွင်းရှိ သင်တန်းဌာန ကိုးနေရာတွင် ကျောင်းသား ကျောင်းသူ လူငယ် ၁၀၂၄ ဦးကို မြို့နယ် သံဃနာယကအဖွဲ့များက ဦးဆောင်ဦးရွက်ပြု ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာ ဆိုင်ရာစာပေများကို စနစ်တကျ လေ့လာသင်ယူပြီး အမျိုးဘာသာ၊ သာသနာကြီးပွားတိုးတက်ရေးနှင့် ယဉ်ကျေးသော လူဘောင်အဖွဲ့ အစည်းတည်ဆောက်နိုင်ပြီး နိုင်ငံနှင့် လူမျိုးအကျိုးသယံဇာတ်ပိုးနိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန် ကြိုးစားသင်ယူလေ့လာ ဆည်းပူးကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ အောင်မင်းကျော်သူက ဗုဒ္ဓဘာသာအခြေခံ (ဆရာဖြစ်)သင်တန်းနှင့်ပတ်သက်၍ သင်ကြားမည့် ဘာသာရပ်များနှင့် ဒကွိုဏာသီရိမြို့နယ် ရန်အောင်မြင် တောရကျောင်း (မြို့တော်ဝန်ကျောင်း)မှ ယဉ်ကျေးလိမ္မာ သင်တန်းနည်းပြ ဆရာမကြီး ဒေါ်ခင်လင်းက သင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) နာယကနှင့် တာဝန်ရှိသူများက နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးထံ ဗုဒ္ဓဘာသာ အခြေခံ (ဆရာဖြစ်) သင်တန်းအတွက် သင်ကြားရေးစာအုပ် ၁၅၀ ကို ပေးအပ်လျှောဒါန်းသည်။

ယနေ့ဖွင့်လှစ်သည့်ယဉ်ကျေးလိမ္မာသင်တန်းတွင် ဌာနဆိုင်ရာ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀ ကို ဧပြီ ၁ ရက်မှ ၅ ရက်အထိလည်း ကောင်း၊ အဘိဓမ္မာသင်တန်းတွင် ဌာနဆိုင်ရာ ဝန်ထမ်းနှင့် မိသားစု ဝင် ၄၀ ကို ဧပြီ ၁ ရက်မှ ၅ ရက်အထိလည်းကောင်း၊ ဗုဒ္ဓဘာသာ အခြေခံ (ဆရာဖြစ်)သင်တန်းတွင် ဌာနဆိုင်ရာ ဝန်ထမ်းနှင့် မိသားစု ဝင် ၄၀ ကို ဧပြီ ၁ ရက်မှ ၇ ရက်အထိ လည်းကောင်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော် စည်ပင်သာယာရေး ကော်မတီရှိ မဂ်လာခန်းမ၌ ကျင်းပသည့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝန်ထမ်းများ၏ သားသမီးများအတွက် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အထက်မြန်မာပြည်ဥက္ကဋ္ဌ ဦးစိုးနိုင် နှင့် YMBA ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်မင်းကျော်သူတို့က ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)မှနေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီသို့ လှူဒါန်းသည့် အလှူ ငွေကျပ်သိန်း ၅၀၊ ကျောက်စိမ်းကိုးလုံး ပုတီးအကုံး ၁၀၀၀ နှင့် ဒေါက်တာ စိုးသိန်းနှင့် ဒေါ်ခင်ချိုအုန်းမိသားစုက နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီသို့ အလှူငွေကျပ် သိန်း ၆၀ ကို နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးထံ ပေးအပ်လှူဒါန်းကြသည်။

ယဉ်ကျေးလိမ္မာ သင်တန်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၏ သားသမီးကျောင်းသား ကျောင်းသူများအနက် Grade 3 မှ Grade 5 အထိ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၃ ဦးနှင့် Grade 6 မှ Grade 8 အထိ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၀ ကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ နယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် အောင်စည်သာ ကျောင်းတိုက်ရှိ ဆရာတော် သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲနှင့် အခြားစားသောက်ဖွယ်ရာများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မိုယင်းကောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ဘုန်းဘုရားကျောင်းတိုက်၊ တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဓမ္မစေတီထေရဝါဒပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုံးကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ကျွန်းကလေး ပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလဲကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မဟာဂန္ဓာဝင်အုန်းတောကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မတ္တရာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပြည်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ညောင်တုန်းကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သီရိမင်္ဂလာရွှေမန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပုသိမ်မြို့နယ်၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ဆရာတော်ကြီးများ၊ စာမေးပွဲဖြေ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အအေးဘူးများနှင့် ရေသန့်ဘူးများ ဆက်ကပ်

နေပြည်တော် ဧပြီ ၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သာသနာ့ဗိမာန်၌ မတ် ၂၁ ရက်မှ စတင်၍ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သွားရောက်၍ ပုသိမ်မြို့ နိုင်ငြောခရဲ့ ညောင်ပင်သာကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓေမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓေ ဘဒ္ဒန္တဝိသုဝ မဟာထေရ်မြတ် အမှူးပြုသော စာမေးပွဲကြီးကြပ် ဆရာတော်ကြီးများနှင့် စာမေးပွဲဖြေဆိုလျက်ရှိသည့် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား အအေးဘူးများနှင့် ရေသန့်ဘူးများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပေါက်တောမြို့နယ်၌ ရန်ပုံငွေထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများဆိုင်ရာ သင်တန်းဖွင့်လှစ်

ပေါက်တော ဧပြီ ၁

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးမြေစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းနှင့် သက်ဆိုင်သည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စီမံကိန်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ ဆောင်ရွက်ရန် စီမံကိန်းပါ ကျေးရွာများအား ရန်ပုံငွေထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်သန်းဌေးက ရန်ပုံငွေထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ ဆိုင်ရာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြင့်ဂါ ရွာဟောင်းကျေးရွာ၊ စက်ကြီးနိုးကျေးရွာ၊ ရင်ရွာကျေးရွာ၊ ပိန်နွဲ့ချောင်း ကျေးရွာနှင့် ယာတိုက်ကျေးရွာများမှ ကျေးရွာကြီးကြပ်မှူးကော်မတီဝင်များ တက်ရောက်ကြပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ရန်ပုံငွေဖြင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး တာဝန်ရှိသူများက စာတွေ့,လက်တွေ့, သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဧပြီ ၁

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် သင်္ကြန်ယိမ်းအဖွဲ့များ ရိုက်ကူးရေး ဆောင်ရွက်

နေပြည်တော် ဧပြီ ၁

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း **"ခါသင်္ကြန်အဆိုအက"** အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့်ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေး ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် သင်္ကြန်တေးသီချင်းများဖြစ်သည့် **"ချမ်းပါတယ်၊ မူယာကြော့၊ နှစ်သစ်ကြိတ့်သင်္ကြန်၊ တစ်နှစ်နွမ်းတစ်နှစ်ဆန်း"** တေးသီချင်းများဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သင်္ကြန်ယိမ်းအဖွဲ့များသည် **"ချမ်းတုန်ချမ်း၊ မူယာကြော့၊ တစ်နှစ်နွမ်း တစ်နှစ်ဆန်း"**တေးသီချင်းများဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် **"ကောင်းသောနှစ်"** တေးသီချင်းဖြင့် လည်းကောင်း ရိုက်ကူးရေး ဆောင်ရွက်ကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက် အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်နှင့် စက်ပစ္စည်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ် ခင်းကျင်းပြသထားမှုများ၊ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တူရိယာများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းတွင် မဟာသင်္ကြန်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်နှင့် ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် သင်္ကြန်မဏ္ဍပ်များ တည်ဆောက်လျက်ရှိကြရာ နေပြည်တော်တွင် မြို့တော်ဝန်မဏ္ဍပ်အပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို မြန်မာတို့၏ ရိုးရာသင်္ကြန်ပေါ်လွင်အောင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကာ စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ဖြစ်စေရန်နှင့် အဆင့်မီသော သင်္ကြန်တစ်ခုဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတွင် တိုင်းရင်းသားသင်္ကြန်၊ လူငယ် Game သင်္ကြန်၊ သနပ်ခါးသင်္ကြန် စသည်ဖြင့် ကလေး၊ လူငယ်၊ လူကြီးများအားလုံး ပျော်ရွှင်စေမည့် ကဏ္ဍများစွာ ပါဝင်သည့်အပြင် ဝန်ကြီးဌာနမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များ ပူးပေါင်းပါဝင်မှုဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင်သစ်မျိုးစုံ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက်နှင့် ၃၁ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော Gpon Olt 8 Pon Ports အလုံး ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၂၂၀၀၀)နှင့် Metal Mouse Trap ၈၄၀ ကီလို ဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ဂ၆၄၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၈၈၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့နယ်အကောက်ခွန်ဦးစီးဌာန မှူးရုံးမှ စစ်ဆေးရေးအဖွဲ့က လားရှိုးမြို့နယ် Oriental Highway Tollgate အနီး၌ မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင် မော်တော်ယာဉ် တစ်စီးအား စိစစ်၍ လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ယူပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်၏ ကိုယ်ထည်ကြမ်းခင်းအောက်တွင် အံဝှက်ပြုလုပ်၍ တရားမဝင် သိုဝှက်သယံဇာတသည့် ပိတောက်ဟုယူဆရသော ခွဲသားဆိုဒ်စုံ(၀.၈၅၁၆)တန်၊ ကျွန်းဟုယူဆရသော ခွဲသားဆိုဒ်စုံ (၀ ဒသမ ၉၆၃၂) တန် (ခန့်မှန်းတန်ဖိုးကျပ် ၃၅၀၀၀၀၀)နှင့် အဆိုပါ သစ်များ တင်ဆောင်သော Toyotetsu Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာန အသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ဖြူးမြို့နယ်နှင့် လက်ပံတန်းမြို့နယ်များအတွင်း တရားမဝင် ကျွန်းသစ် ၂၃ ဒသမ ၀၈၈ တန်၊ သစ်မာ ၈ ဒသမ ၅၁၂ တန်နှင့် အခြားသစ်မျိုးစုံ ၃ ဒသမ ၄၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၈၂၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၃ ရက်၊ ၂၅ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှူတွဲ ၅ စု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၉၈၄၈၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

ဖြူးမြို့နယ်ရှိ သံကူကွန်ကရစ်ချောင်းကူးတံတား နှစ်စင်းအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ သံကူကွန်ကရစ်ချောင်းကူးတံတား နှစ်စင်းအား မတ် ၃၁ ရက်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၁ ရက်မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ဘုရားလဟာ ကျေးရွာရှိ အလျား ပေ ၄၀ ၊ အနံ ပေ၂၀ ရှိ မဂျမ်းရိုးတံတား ဒေသ အခေါ် တူးမြောင်းတံတားနှင့် အလျား ပေ ၈၀ ၊ အနံ ပေ ၂၀ ရှိ သစ်ပတ်ချောင်း တံတားတို့ကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့် မိုင်းပေါက်ကွဲမှုကြောင့် မဂျမ်းရိုးတံတားဒေသ အခေါ် တူးမြောင်းတံတားမှာ အနည်းငယ်ပျက်စီးခဲ့ပြီး သစ်ပတ်ချောင်းတံတားမှာ ပျက်စီးမှုကြောင့် ယာဉ်များ ဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။(ဝဲပုံ)

ထိုသို့ အများပြည်သူများ သွားလာ အသုံးပြုလျက်ရှိသည့် သံကူကွန်ကရစ်ချောင်းကူးတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

PDF အမည်ခံ အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာအတွင်းဝင်ရောက်၍ သေနတ်ဖြင့်ပစ်ခတ်ပြီး နေအိမ်များအား မီးရှို့ဖျက်ဆီး၊ အပြစ်မဲ့အရပ်သားပြည်သူ ကိုးဦးသေဆုံးပြီး နေအိမ်အလုံး ၇၀ နှင့် နွားတင်းကုပ် ၃၁ လုံးတို့ မီးလောင်ပျက်စီး

နေပြည်တော် ဧပြီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာအတွင်း သို့ မတ် ၃၀ ရက် ည ၁၀ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာ၏အနောက်တောင်ဘက်မှဝင်ရောက်၍ သေနတ်များဖြင့် ပစ်ခတ်ကာ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ရာ ကျေးရွာနေ အပြစ်မဲ့အရပ်သားပြည်သူ ကိုးဦးတို့တွင် ကျည်ထိမှန်ဒဏ်ရာ၊ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်းနှင့် နေအိမ် အလုံး ၇၀ နှင့် နွားတင်းကုပ် ၃၁ လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ စစ်ရေးပစ်မှတ်မဟုတ်သည့် ကျေးရွာအတွင်းသို့ ဝင်ရောက်၍ အပြစ်မဲ့အရပ်သားပြည်သူများအား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ကာ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးရှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”
“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”
“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

ပြင်သစ်သမ္မတနှင့် ဥရောပသမဂ္ဂအကြီးအကဲတို့ တရုတ်နိုင်ငံ၌ သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်

တိုကျို ဧပြီ ၁

သမ္မတ အီမန်ရှယ် မက်ခရွန်နှင့် ဥရောပသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ အူဆူလာဗွန်ဒါ လီယန်းတို့သည် လာမည့်သီတင်းပတ်တွင် တရုတ်နိုင်ငံ၌ သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ပြင်သစ်အစိုးရက ပြောသည်။

မက်ခရွန်သည် ပေကျင်းနှင့် နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်သို့ ဧပြီ ၅ ရက်မှ စတင်ကာ သုံးရက်ကြာ ခရီးသွားရောက်မည်ဖြစ်ကြောင်း ပြင်သစ်သမ္မတရုံးက ပြောသည်။ ထိုအပြင် မက်ခရွန်သည် ဧပြီ ၆ ရက်တွင် ရှီကျင့်ဖျင်နှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး ဝန်ကြီးချုပ်သစ် လီချန်းနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း အဆိုပါရုံးက ပြောသည်။

အဆိုပါ ခရီးစဉ်သည် မတ်လတွင် မော်စကိုရှိ သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာ ပူတင်တို့ တွေ့ဆုံပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံသို့ မက်ခရွန်နှင့်အတူ ဥရောပသမဂ္ဂ ကော်မရှင် ဥက္ကဋ္ဌ အူဆူလာဗွန်ဒါလီယန်းအပြင် အာကာသယာဉ် ကုမ္ပဏီ အဲဘာတစ်အပါအဝင် စီးပွားရေးခေါင်းဆောင် အများအပြားလည်း လိုက်ပါလာဖွယ်ရှိကြောင်း သိရသည်။ **အင်နန်အိတ်ချ်ကေ**

ပြင်သစ်သမ္မတ အီမန်ရှယ် မက်ခရွန်။

ဆီရိလက်ံ၌ ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းလာ

ကိုလံဘို ဧပြီ ၁

သီရိလင်္ကာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဖေဖော်ဝါရီလတွင် ၅၀ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ မတ်လတွင် ၅၀ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း မတ် ၃၁ ရက်တွင် ဖော်ပြသော တရားဝင်ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

စားသောက်ကုန်အုပ်စု၏ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းသည် ဖေဖော်ဝါရီလတွင် ၅၄ ဒသမ ၄ ရာခိုင်နှုန်းရှိရာမှ မတ်လတွင် ၄၇ ဒသမ ၆ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်းနှင့် စားသောက်ကုန်မဟုတ်သော အုပ်စု၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဖေဖော်ဝါရီလတွင် ၄၈ ဒသမ ၈ ရာခိုင်နှုန်းမှ မတ်လတွင် ၅၁ ဒသမ ၇ ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ပြီးခဲ့သည့် လအနည်းငယ်အတွင်း ကျဆင်းလာခဲ့သည်။ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ၅၇ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှ ဇန်နဝါရီလတွင် ၅၄ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်။

နိုင်ငံ၏ ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်းကို ယခုနှစ်ကုန်တွင် အသေးငယ်ဆုံး ကိန်းဂဏန်းအထိ လျှော့ချနိုင်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောသည်။ **ဆင်ဟွာ**

ပြင်သစ်သမ္မတနှင့် ဥရောပသမဂ္ဂအကြီးအကဲတို့ တရုတ်နိုင်ငံ၌ သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်

စွမ်းအင်ဆိုင်ရာ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု ဆိုက်ပရပ်စ်၊ အစ္စရေးနှင့် ဂရိနိုင်ငံတို့ သဘောတူ

နီကိုးရှား ဧပြီ ၁

ဆိုက်ပရပ်စ်၊ အစ္စရေးနှင့် ဂရိနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် စွမ်းအင်၊ ကာကွယ်ရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းစသည့် နယ်ပယ်ကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းလုပ်ဆောင်သွားရေးနှင့် ပတ်သက်ပြီး မတ် ၃၁ ရက်တွင် သဘောတူခဲ့ကြကြောင်း သိရသည်။

ဆိုက်ပရပ်စ်နိုင်ငံ နီကိုးရှား မြို့တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် စွမ်းအင်ဆိုင်ရာ သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းတည်ငြိမ်မှုအတွက် အလွန်အရေးပါကြောင်း နိုင်ငံခြားရေးဝန်ကြီးများ ဖြစ်ကြသည့် ကွန်စတန်တိနိုစ်ကွန်ပိုစ် (ဆိုက်ပရပ်စ်)၊ အီလီကိုဟင်း (အစ္စရေး)နှင့် နီကိုစ် ဒန်ဒီးယပ်စ် (ဂရိ) တို့က ပြောသည်။ ဆိုက်ပရပ်စ်နှင့် အစ္စရေးနိုင်ငံတို့တွင် သဘာဝဓာတ်ငွေ့မြေ များစွာကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

အဆိုပါ ဝန်ကြီးများက အရှေ့ပိုင်း မြေထဲပင်လယ်မှ ဥရောပသို့ သဘာဝဓာတ်ငွေ့တင်ပို့နိုင်သော EastMed ပိုက်လိုင်း၏ အရေးပါပုံနှင့် ရုရှားသဘာဝဓာတ်ငွေ့အပေါ် မှီခိုအားထားမှုကို လျှော့ချရန် အလေးပေး ပြောကြားခဲ့သည်။ ထို့အပြင် ဂရိနိုင်ငံခြားရေးဝန်ကြီး နီကိုစ်ဒန်ဒီးယပ်စ်က ပြည်တွင်းနှင့် ဒေသတွင်း စွမ်းအင်ဗဟိုချက်ဖြစ်လာစေရေး ၎င်းနိုင်ငံ၏ ရည်မှန်းချက်ကို အလေးပေး ပြောကြားခဲ့သည်။ **ဆင်ဟွာ**

မတ် ၃၁ ရက်က မြို့တော်နီကိုးရှားရှိ သမ္မတအိမ်တော်၌ တွေ့ဆုံကြသည့် ဆိုက်ပရပ်စ်၊ အစ္စရေးနှင့် ဂရိနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ မိုင်းပေါက်ကွဲ

ကဘူးလ် ဧပြီ ၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူလ်ပြည်နယ်၌ ပြီးခဲ့သည့်စစ်ပွဲများအတွင်း ကျန်ရှိခဲ့သည့် မိုင်းပေါက်ကွဲမှုကြောင့် ကလေးတစ်ဦး သေဆုံးခဲ့ပြီး သုံးဦးမှာ ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်ရဲအရာရှိက ဧပြီ ၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်စစ်ပွဲများအတွင်း မပေါက်ကွဲဘဲ ကျန်ရှိခဲ့သည့် မိုင်းတစ်လုံးမှာ ဆာခိုဂန်ဒေသတွင် ပေါက်ကွဲခဲ့ပြီး တစ်ဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့သည်ဟု ထုတ်ပြန်ချက်တွင်ပါရှိသည်။ အိမ်ခြေမဲ့သွားလာနေသည့် မိသားစုများမှ ကလေးအုပ်စုတစ်စုသည် လယ်ကွင်းအနီး ထွန်စက်နားမှ စက်ပစ္စည်းတစ်ခုကို ကစားစရာအမှတ်ဖြင့် ကစားခဲ့ကြသည်။ အဆိုပါပစ္စည်းမှ ရုတ်တရက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကလေးတစ်ဦး သေဆုံးခဲ့ရသည်။ **ဆင်ဟွာ**

ဂျော့ဖလို့ဂ််သေဆုံးပြီး သုံးနှစ်အကြာတွင် ရဲတပ်ဖွဲ့အား ပြန်လည်ပြင်ဆင်ရန် မင်နီယာပိုလစ်မြို့တော်ဝန်အတည်ပြု

ဝါရှင်တန် ဧပြီ ၁

အမေရိကန် လူဖြူရဲအရာရှိတစ်ဦးက လူမည်းအမျိုးသားတစ်ဦး၏ လည်ပင်းကို ကိုးမိနစ်ကြာ ဒူးဖြင့်ထောက်၍ ထိန်းချုပ်စဉ် သေဆုံးမှုဖြစ်ပွားပြီးနောက် သုံးနှစ်နီးပါးအကြာ မင်နီယာပိုလစ်မြို့ရှိ ၎င်း၏ ရဲတပ်ဖွဲ့အား ပြုပြင်ပြောင်းလဲရန် အစီအစဉ်ကို အတည်ပြုခဲ့ကြောင်း ဧပြီ ၁ ရက်က ကြေညာသည်။

အသက် ၄၆ နှစ်အရွယ် ဂျော့ဖလို့ဂ််သေဆုံးမှုဖြစ်စဉ်ကို လမ်းသွားလမ်းလာတစ်ဦးက ရိုက်ကူးထားသည့် ဗီဒီယိုကလစ် ပျံ့နှံ့သွားပြီးနောက် နိုင်ငံတစ်ဝန်းတွင် လူထုဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်တွင် ဖလို့ဂ််သေဆုံးမှုသည် အနောက်အလယ်ပိုင်းမြို့ မင်နီယာပိုလစ်မြို့တွင်သာမက အခြားသော အမေရိကန်မြို့ပြ ဧရိယာများ၏ တရားဥပဒေဖိုးဖိုးရေး နည်းလမ်းများကို ပြင်းပြင်းထန်ထန် ဝေဖန်မှုများ ဖြစ်ပေါ်စေခဲ့သည်။ **အေအက်ဖ်ပီ**

အဆင့် (၄) ရှိ အလိုအလျောက် မောင်းနှင်နိုင်သောကားများ ဂျပန်အသုံးပြုခွင့်ပေးတော့မည်

တိုကျို ဧပြီ ၁

ဂျပန်နိုင်ငံ၌ အလိုအလျောက်မောင်းနှင်နိုင်သော ယာဉ်များသည် နေ့စဉ်လူနေမှုဘဝ၏ ကြီးမားသော အစိတ်အပိုင်းတစ်ခုဖြစ်လာရန် လမ်းကြောင်းပေါ်ရောက်ရှိလာပြီဖြစ်သည်။ ဧပြီ ၁ ရက်မှစတင်ကာ ပြည်သူများအား ယာဉ်မောင်းသူမပါဘဲ မောင်းနှင်နိုင်သော (အဆင့် – ၄ ရှိ အလိုအလျောက်မောင်းနှင်နိုင်သော) ကားများကို အသုံးပြုခွင့်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအလယ်ပိုင်း အဲအိဟဲအိဂျိမြို့ရှိ ကုမ္ပဏီတစ်ခုသည် ခရီးသွားဧည့်သည်များအတွက် အဆင့် (၄) ရှိ ကားများ မောင်းနှင်ပြေးဆွဲခွင့်နှင့် ပတ်သက်ပြီး အစိုးရ၏ အတည်ပြုချက် လက်ခံရရှိပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကားများသည် ခရီးသည် ခုနစ်ဦးအထိ တင်ဆောင်ကာ တစ်နာရီလျှင် ၁၂ ကီလိုမီတာဖြင့် ၂ ကီလိုမီတာရှိသော အများပြည်သူပိုင်လမ်းများတစ်လျှောက် မောင်းနှင်ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဂျပန်နိုင်ငံတစ်ဝန်း နေရာ ၅၀ ခန့်တွင် အလိုအလျောက်မောင်းနှင်နိုင်သော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများကို လာမည့် သုံးနှစ်အတွင်း မိတ်ဆက်သွားရန် အစိုးရအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အလိုအလျောက် မောင်းနှင်သည့် စနစ်များကို တီထွင်နေသော ကုမ္ပဏီအချို့သည်၎င်းတို့၏ နည်းပညာများကို စမ်းသပ်ရန်အတွက် ဒေသဆိုင်ရာ အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အင်နန်အိတ်ချ်ကေ**

အလိုအလျောက်မောင်းနှင်နိုင်သော ကားများ။

အိန္ဒိယ၌ ဧပြီလမှ ဇွန်လအတွင်း အပူချိန်လွန်ကဲမှု ကြုံတွေ့ရဖွယ်ရှိဟုဆို

နယူးဒေလီ ဧပြီ ၁

အိန္ဒိယနိုင်ငံ၏ ဒေသအများစုတွင် ဧပြီလမှ ဇွန်လ အထိ ပုံမှန်အပူချိန်ထက် အမြင့်ဆုံးအပူချိန်ကို ကြုံတွေ့ရဖွယ်ရှိကြောင်း အိန္ဒိယမိုးလေဝသဌာနက ဧပြီ ၁ ရက်တွင် ပြောကြားသည်။

၂၀၂၃ ခုနှစ် ပူပြင်းသောရာသီ (ဧပြီမှ ဇွန်လ) အတွင်း အိန္ဒိယနိုင်ငံ၏ ဒေသအများစုသည် အိန္ဒိယကျွန်းဆွယ်တောင်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဒေသအချို့မှလွဲ၍ အလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် ကျန်ဒေသအများစုတွင် ပုံမှန်အပူချိန်ထက် လွန်ကဲဖွယ်ရှိကြောင်း အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားသည်။

၂၀၂၃ ခုနှစ် ဧပြီလအတွင်း ဘီဟာ၊ ဂျာဘာခန်၊ အရှေ့ဥတ္တရပရာဒက်ရှ်၊ ဥဒီဿ၊ အနောက်ဘင်္ဂလား၊ ဂင်္ဂါလွင်ပြင်ဒေသ၊ မဟာရတ်ရှ်ထရာပြည်နယ် အနောက်ဘက်ခြမ်း၊ ဂုဇာရတ်နှင့် အနောက်ဥတ္တရပရာဒက်ရှ်၊ ပန်ဂျပ်နှင့် ဟာရီယာနာပြည်နယ်များ၏ အချို့သောနေရာများတွင် သာမန်အပူချိန်ထက် လွန်ကဲမှုကို ခံစားရနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနမှ ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

မွန်ဂိုလီးယားနိုင်ငံ၌ နှင်းမုန်တိုင်းနှင့် သဲမုန်တိုင်းများတိုက်ခတ်

အူလန်ဘာတော ဧပြီ ၁

မွန်ဂိုလီးယားနိုင်ငံ မြို့တော်အူလန်ဘာတောနှင့် တက်ဗ်ပြည်နယ်အပါအဝင် အလယ်ပိုင်းဒေသများတွင် နှင်းမုန်တိုင်းတိုက်ခတ်လျက်ရှိပြီး ဂိုဘီဒေသတောင်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များတွင် လေပြင်းနှင့် သဲမုန်တိုင်းများ တိုက်ခတ်နေကြောင်း မွန်ဂိုလီးယား မိုးလေဝသအေဂျင်စီက ဧပြီ ၁ ရက်တွင် ထုတ်ပြန်သည်။

ယခုသီတင်းပတ်ကုန်အတွင်း ရာသီဥတုမတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားကြောင်း၊ အထူးသဖြင့် ပြည်သူများ၊ အိမ်ခြေရာမဲ့များနှင့် ယာဉ်မောင်းများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ထားရန် တိုက်တွန်းထားကြောင်း အေဂျင်စီက ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ၏ဒေသကြီးများတွင် လာမည့် ရက်များအတွင်း အအေးလွန်ကဲသည့် ရာသီဥတုများ ဖြစ်လာမည်ဟု ခန့်မှန်းထားကြောင်း၊ မြောက်ပိုင်းနှင့် အနောက်ပိုင်း ပြည်နယ်များတွင်လည်း ညအပူချိန်မှာ အနုတ် ၃၀ ဒီဂရီစင်တီဂရိတ်သို့ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း အေဂျင်စီက ဆက်လက်ပြောဆိုသည်။ မွန်ဂိုလီးယားနိုင်ငံသည် နွေရာသီအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ နှင်းမုန်တိုင်းနှင့် သဲမုန်တိုင်း တိုက်ခတ်ခြင်းတို့ကြောင့် ဆိုးရွားသည့် ရာသီဥတု အခြေအနေများကို ရင်ဆိုင်ရလေ့ရှိသည်။

ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမသုံးလပတ်အတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော သံသယရှိသူ ၄၄၈၅ ဦး ဖမ်းဆီးရမိ

ဖနောင်ပင် ဧပြီ ၁

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမသုံးလပတ်အတွင်း နိုင်ငံခြားသား ၆၇ ဦး အပါအဝင် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော သံသယရှိသူ ၄၄၈၅ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ဧပြီ ၁ ရက်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

သံသယရှိသူများ၏ ၅၂ ရာခိုင်နှုန်းခန့်မှာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူ၊ ထုတ်လုပ်သူ၊ လက်ဝယ်ပိုင်ဆိုင်သူနှင့် သယ်ယူပို့ဆောင်သူများဖြစ်ပြီး ၄၈ ရာခိုင်နှုန်းမှာ မူးယစ်ဆေးဝါး အသုံးပြုသူများဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း အဆိုပါသံသယရှိသူများထံမှ ဆေးခြောက် ၅ ဒသမ ၇ ကီလိုဂရမ်နှင့် ဆေးခြောက်ပင် ၂၃၀၂ ပင်အပါအဝင် တရားမဝင်မူးယစ်ဆေးဝါး စုစုပေါင်း ၂၄၀ ဒသမ ၈ ကီလိုဂရမ် သိမ်းဆည်းနိုင်ခဲ့သည်။

ထို့ပြင် လက်လုပ်ရိုင်ဖယ် ခြောက်လက်၊ ပစ္စတိုသေနတ် ၁၅ လက်၊ မော်တော်ယာဉ် ၄၂ စီး၊ ဆိုင်ကယ် ၃၅၈ စီး၊ တယ်လီဖုန်း ၁၂၉၉ လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

ပါကစ္စတန်၌ လူအုပ်ပိမှုကြောင့် ၁၁ ဦးထက်မနည်းသေဆုံး

ကရာချီ ဧပြီ ၁

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချီမြို့၌ လူအုပ်ပိမှုကြောင့် ၁၁ ဦးထက်မနည်းသေဆုံးခဲ့သည်ဟု သိရသည်။ သေဆုံးသူများထဲတွင် ကလေးသုံးဦး ပါဝင်သည်ဟုလည်း ယူဆရသည်။ ရာနှင့်ချီသော လူအုပ်ကြီးမှာ ပိုက်ဆံဝေမည်ဟူသော စက်ရုံရှေ့တွင် မတ် ၃၁ ရက်က စုဝေးခဲ့ကြသည်။ သေဆုံးသူများထဲတွင် စက်ရုံဝန်ထမ်းမိသားစုများလည်း ပါဝင်ကြောင်း သိရသည်။

လူအုပ်အတွင်းလဲကျသူများကို နောက်လူများက နင်းမိခြင်းကြောင့် အခြားလူအများအပြားလည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ စက်ရုံဝန်ထမ်းအပါအဝင် လူခုနစ်ဦးကို ရဲများက ဖမ်းဆီးထိန်းသိမ်းထားသည်။ ၎င်းတို့မှာ ပိုက်ဆံဝေမည့်အကြောင်း အာဏာပိုင်များသို့ ကြိုတင်အသိပေးထားခြင်းမရှိသည့်အပြင် အဆိုပါနေရာတွင် သင့်တော်သည့် လုံခြုံရေးအစီအမံများလည်း ပြုလုပ်ထားခြင်းမရှိသည့်အတွက် ဖမ်းဆီးရခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများထဲတွင် စိုးရိမ်ရသည့် အခြေအနေရှိသူများ ပါဝင်သည့်အတွက် သေဆုံးသူဦးရေမှာလည်း တိုးလာနိုင်ကြောင်း ဆေးရုံသတင်းအရင်းအမြစ်များအရ သိရသည်။ ၄ွေကြေးမတည်မငြိမ်မှုများကြောင့် ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ဖရိဖရဲဖြစ်နေသည်။ ဖေဖော်ဝါရီလအတွင်း စားသုံးသူအညွှန်းကိန်းမှာလည်း ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင် ၃၁ ဒသမ ၅၅ မြင့်မားလာသည်ကို တွေ့ရသည်။

၄ွေကြေးဖောင်းပွမှု စံချိန်တင်မြင့်မားလာမှုနှင့်အတူ စားသောက်ကုန်ဈေးနှုန်းများမှာလည်း မြင့်မားလာသည့်အတွက် ပြည်သူများမှာ ရုန်းကန်နေရသည်။ ဆင်းရဲသည့်မိသားစုများကို အစိုးရက ကျွမ်းကျင်ပြုပြင်ပေးလျက်ရှိသည်။ **အင်နန်အိတ်ချ်ကေ**

ဒဏ်ရာရရှိသူများကို ဆေးရုံပို့ဆောင်ပေးနေသည့် လူနာတင်ယာဉ်များကို တွေ့ရစဉ်။

လော့စ်အိန်ဂျလိစ်၌ ကိုဗစ်-၁၉ အတွက် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေကို ရုပ်သိမ်း

လော့စ်အိန်ဂျလိစ် ဧပြီ ၁

အမေရိကန် ပြည်ထောင်စု၏ လူဦးရေအထူထပ်ဆုံး ဒေသဖြစ်သည့် လော့စ်အိန်ဂျလိစ်တွင် ကိုဗစ်-၁၉ ကြောင့် ထုတ်ပြန်ထားသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေကို မတ် ၃၁ ရက်တွင် ရုပ်သိမ်းလိုက်သည်ဟု အာဏာပိုင်များက ပြောသည်။

လော့စ်အိန်ဂျလိစ်တွင် အရှည်ကြာဆုံး ထုတ်ပြန်ထားသည့် ကျန်းမာရေး အရေးပေါ်အခြေအနေဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မတ် ၄ ရက်တွင် စတင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်တွင် ဒေသခံပေါင်း ၁၀ သန်းကျော် နေထိုင်လျက်ရှိသည်။ လော့စ်အိန်ဂျလိစ်သည် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်မှုဒဏ် အဆိုးရွားဆုံး ခံစားခဲ့ရသည့် ဒေသဖြစ်ပြီး ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ကထပ် ကူးစက်ခံရသူ ၁၂၆၉ ဦး ရှိသည်။

ကပ်ရောဂါ စတင်သည့် အချိန်မှစကာ ၃ ဒသမ ၇၂ သန်း ကူးစက်ခံရပြီး သေဆုံးသူပေါင်း ၃၅၉၉၄ ဦးရှိသည်။ ကျန်းမာရေး အရေးပေါ်အခြေအနေ အဆုံးသတ်လိုက်ခြင်းမှာ ကိုဗစ်-၁၉ ကြောင့် သက်ရောက်မှု ခံစားရသူများကို ကူညီထောက်ပံ့ပေးမှု ရပ်တန့်လိုက်ခြင်း မဟုတ်ကြောင်း အာဏာပိုင်များက တွစ်တာပေါ်တွင် ရေးသားထားသည်။ **ဆင်ဟွာ**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်းရှိ

(၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၈၁,၁၆၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၈၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်တက်အခန်းများ၊ လူထုထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်တက်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ဈာဈာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၄-၂၀၂၃ — ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၀၅	၂၁၅၅	၂၁၄၅	၂၁၁၅	၂၁၅၀	၂၁၇၅	၂၁၆၀	၂၁၄၀	၂၂၃၅	၂၂၅၀	၂၁၄၅	၂၁၅၅	၂၁၉၀	၂၁၉၀	၂၁၉၅	၂၄၂၀	၂၈၁၀
95 Ron	၂၁၈၅	၂၂၃၅	၂၂၃၀	၂၁၉၅	၂၂၃၀	၂၂၅၅	၂၂၄၀	၂၂၂၀	၂၃၁၅	၂၃၃၅	၂၂၂၅	၂၂၄၀	၂၂၇၀	၂၂၇၀	၂၂၇၅	၂၅၀၅	၂၈၈၅
HSD (500 ppm)	၂၀၆၅	၂၁၁၅	၂၁၁၀	၂၀၇၀	၂၁၁၀	၂၁၃၅	၂၁၃၀	၂၀၉၅	၂၂၁၅	၂၂၁၀	၂၁၀၅	၂၁၁၅	၂၁၅၅	၂၁၅၀	၂၁၅၀	၂၃၈၀	၃၁၀၀
HSD (50 ppm)	၂၁၄၅	၂၁၉၅	၂၁၉၀	၂၁၅၀	၂၁၉၀	၂၂၁၅	၂၂၁၀	၂၁၇၅	၂၂၉၅	၂၂၉၀	၂၁၈၅	၂၁၉၅	၂၂၃၀	၂၂၃၀	၂၂၃၀	၂၄၆၀	၃၁၃၀
HSD (10 ppm)	၂၁၄၅	၂၁၉၅	၂၁၉၀	၂၁၅၀	၂၁၉၀	၂၂၁၅	၂၂၁၀	၂၁၇၅	၂၂၉၅	၂၂၉၀	၂၁၈၅	၂၁၉၅	၂၂၃၀	၂၂၃၀	၂၂၃၀	၂၄၆၀	၃၁၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၉၇	၂၀၇၀
95 Ron	၂၀၇၅	၂၁၅၀
HSD (500 ppm)	၁၉၆၁	၂၀၂၉
HSD (50 ppm)	၂၀၃၅	၂၁၀၅
HSD (10 ppm)	၂၀၃၅	၂၁၀၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၅

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နေပြည်တော်မှ တိမ်ပင်လယ်

■ ယဉ်လာဒ် ■

မြန်မာနိုင်ငံရဲ့ အုပ်ချုပ်ရေးမြို့တော်ဖြစ်တဲ့ နေပြည်တော်ဟာ သွားလာလည်ပတ်စရာ နေရာအများအပြားရှိတဲ့ မြို့တော်တစ်ခုဖြစ်ပါတယ်။ စိမ်းစိုလှပတဲ့ မြို့တော်ရှည်ခင်းတွေ၊ ရှမ်းရိုးမနဲ့ အလယ်ရိုးမ တောင်တန်းကြီးတွေအကြားမှာတည်ရှိတဲ့ နေပြည်တော်က ရာသီဥတု မပြင်းထန်သလို သွားလာလည်ပတ်တဲ့အခါမှာလည်း ရန်ကုန်၊ မန္တလေး စတဲ့မြို့ကြီးတွေအားလုံးကနေ အလွယ်တကူ သွားလာလို့ရတဲ့မြို့တော်ကြီးဖြစ်တယ်။ ဒီတစ်ပတ်မှာတော့ နာမည်ကျော် နေပြည်တော်တိမ်ပင်လယ်အကြောင်းကို မိတ်ဆက် ပြောပြချင်ပါတယ်။

နေပြည်တော်ရဲ့ အိုအေစစ်

အေးချမ်းသာယာပြီး သဘာဝ အလှအပတွေကို ခံစားဖို့အတွက် ဒါမှမဟုတ် နွေအပူကိုရှောင်ရင်း မိတ်ဆွေအပေါင်း အသင်းမိသားစုတွေနဲ့ Hiking လုပ်ချင်သူတွေအတွက်တော့ နေပြည်တော် တိမ်ပင်လယ်က အတော်လေး ကျေနပ်စရာကောင်းလှပါတယ်။ တိမ်ပင်လယ်ရှိတဲ့နေရာက နေပြည်တော်ရဲ့ အရှေ့ခြမ်းပျဉ်းမနားမြို့နယ်မှာပါ။ တောင်တန်းကြီးပေါ်မှာ တည်ရှိပြီး အဲဒီနေရာမှာ ရှေးနှစ်ပေါင်း များစွာကတည်းက ကယန်း၊ ကရင်၊ ပအိုဝ်း၊ ကရင်ဖြူ စတဲ့ တိုင်းရင်းသားတွေက အခြေချနေထိုင်ခဲ့ကြတာပါ။ အရင်က ဒီနေရာမှာ တိုင်းရင်းသားတွေ နေထိုင်ကြတယ်ဆိုတာကို သိရှိသူနည်းပါးပေမယ့် အခုအချိန်မှာတော့ နေပြည်တော် တိမ်ပင်လယ်ကြောင့် တစ်စတစ်စနဲ့ လူသိများလာပြီဖြစ်ပါတယ်။

တောင်ပေါ်ဒေသမှ တိုင်းရင်းသား ကျေးရွာလေးများ

လမ်းပန်းဆက်သွယ်ရေး လွယ်ကူလာတဲ့အခါ တောင်ပေါ်ဒေသက ပြဒါးချောင်းကျေးရွာအပါအဝင် အခြားကျေးရွာ အတော်များများဟာ တောင်ပေါ်ဒေသ လမ်းကြောင်းကြီးပေါ်က ရွာတွေဖြစ်လာခဲ့ပါတယ်။ တောင်ပေါ်တိုင်းရင်းသားတွေရဲ့ ကျေးရွာလေးတွေကတော့ မြသီတာ၊ ဝေသာလီ၊ နန့်လွင်စန်း၊ မိုင်းကုန်း၊ ပြဒါးချောင်း စတဲ့ ကျေးရွာလေးတွေဖြစ်ပြီး တောင်ပေါ်ကျေးရွာ ၁၂ ရွာ ဝန်းကျင်ရှိပါတယ်။ ရိုးသားဖြူစင်တဲ့ တိုင်းရင်းသားတွေဟာ သူတို့ဒေသဖွံ့ဖြိုးတိုးတက်လာမှုကြောင့် လူမှုစီးပွားဘဝ မြင့်မားလာခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။

တိမ်ပင်လယ်ရှုခင်းကြည့်နိုင်သည့် View Point တစ်ခုတွင် အလှဓာတ်ပုံရိုက်နေသူများ။

နေ့ချင်းပြန်ခရီး

တောင်ပေါ်ရွာလေးတွေကို ရောက်ရှိဖို့အတွက် နေပြည်တော်ကနေ မော်တော်ကားနဲ့ သွားရောက်မယ်ဆိုရင် နှစ်နာရီခန့်နဲ့ ရောက်ရှိနိုင်တဲ့အတွက် ရန်ကုန်၊ မန္တလေးတို့ကနေ နေ့ချင်းပြန်ခရီးအဖြစ် လာရောက်လည်ပတ်နိုင်မှာပါ။ ခရီးစဉ်ကို ရေနီလမ်းဆုံးကနေ သွားရောက်နိုင်ပြီး တောင်ဗီလာ ဘိလပ်မြေစက်ရုံသွားရာ လမ်းကနေ ဆက်လက်ခွဲထွက်သွားရမှာ ဖြစ်ပါတယ်။ ရေနီလမ်းဆုံးကနေ မြေပြန့်ရွာကလေးတွေကို မိနစ် ၂၀ ကျော် ဖြတ်သန်းမောင်းနှင်ပြီးလျှင် ပထမဆုံး တောင်ပေါ်ရွာဖြစ်တဲ့ ဆိတ်ဖူးတောင်ရွာကလေးကို စတင်မြင်တွေ့ရမှာပါ။ တောင်တက်လမ်းဖြစ်တဲ့အတွက် အကွေ့အကောက်များတဲ့အတွက် ဖြစ်နိုင်မယ်ဆိုရင် ကားကြွေခိုင်ရေးကို စစ်ဆေးပြီးမှ လာရောက်သင့်သလို တောင်တက် တောင်ဆင်းလိုက်နာရမယ့် စည်းကမ်းတွေကိုလည်း သတိထားဖို့လိုပါတယ်။ နောက်တစ်လမ်းကတော့ ရန်ကုန်–မန္တလေးလမ်းဟောင်းကနေ ရေနီမရောက်ခင် တောင်စဉ်အေး ဘေးလမ်းဖြစ်တဲ့ Max ဘိလပ်မြေစက်ရုံလမ်းအတိုင်းဝင်ရောက်ပြီး ဘိလပ်မြေစက်ရုံ ဘက်ကို မရွေးဘဲ စည်ပင်စစ်ကျင်ရုံဘက်လမ်းကို ရွေးချယ်ပြီး တောင်ပေါ်တက်ရောက်တဲ့လမ်းအတိုင်း လာရောက်နိုင်ပါတယ်။ အဲဒီလမ်းကတော့ ပြဒါးချောင်းကျေးရွာကို ရောက်ပါတယ်။

တိမ်ပင်လယ်မြင်ကွင်းကို ကြည့်ရှုခံစားနိုင်

လမ်းတစ်လျှောက် လမ်းညွှန်ဆိုင်းဘုတ်တွေ တပ်ဆင်ထားလို့ အလွယ်တကူ လာရောက်နိုင်ပါပြီ။ ဆက်လက်ပြီး တောင်ပေါ်ကျေးရွာလေးတွေ တစ်ရွာပြီး တစ်ရွာ ဖြတ်ရင်း တောင်တန်းတွေအကြားမှာ တိမ်ပင်လယ် ကြည့်ရှုဖို့ View Point တွေကို ထားရှိတဲ့အတွက် အသွားခရီးမှာ နေထွက်ချိန် တိမ်ပင်လယ်မြင်ကွင်းကို ကြည့်ရှုခံစားနိုင်ပါတယ်။

သဘာဝ အလှအပတွေကြောင့် လူစိတ်ဝင်စားမှုရှိလာခဲ့တဲ့အတွက် လွန်ခဲ့တဲ့ သုံးနှစ်ခန့်က သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေ တာဝန်ရှိသူတွေက ကွင်းဆင်းလေ့လာခဲ့ကြပြီး နေပြည်တော် တိမ်ပင်လယ်ရှုခင်းကြည့်စရာ နေရာတစ်ခုကို ဖော်ဆောင်ခဲ့ကြတာ ဖြစ်တယ်လို့ သိရပါတယ်။ အခုလို ပူပြင်းခြောက်သွေ့တဲ့ နွေရာသီမှာ အေးမြတဲ့ သဘာဝအလှတရား အိုအေစစ်တစ်ခုလို ဖြစ်နေတဲ့ နေပြည်တော် တိမ်ပင်လယ်က သွားရောက်လေ့လာ အပန်းဖြေနိုင်တဲ့ နေရာတစ်ခုဖြစ်လို့လာခဲ့ပါပြီ။

မြသီတာ ကျေးရွာ ခုနစ်ဆင့် ရေတံခွန်

"ဝေသာလီကျေးရွာ ရောက်တာနဲ့ တိမ်ပင်လယ်ကို လှမ်းတွေ့ရနိုင်ပါပြီ။ ပြဒါးချောင်းရွာကနေကြည့်ရင် အနီးဆုံး မြင်တွေ့ရပါတယ်။ ဒီကျေးရွာသုံးရွာက လည်း ကပ်လျက်ရှိနေတဲ့ ရွာတွေပါ။ ရွာထဲမှာ စားသောက်နားနေပြီး မြသီတာ ကျေးရွာမှာရှိတဲ့ ခုနစ်ဆင့်ရေတံခွန်မှာ ရေကစားနိုင်ပါတယ်"ဟု နေပြည်တော် ဟိုတယ်ခရီး တာဝန်ခံ ဒေါက်တာ သန်းဇော်က ပြောပါတယ်။

စာမျက်နှာ ၁၇ သို့

တောင်တန်းများကြား ဆောက်လုပ်ထားသော View Point တစ်ခု။

✲ တိမ်ပင်လယ်ရှိတဲ့နေရာက နေပြည်တော်ရဲ့ အရှေ့ခြမ်းပျဉ်းမနားမြို့နယ်မှာပါ။ တောင်တန်းကြီးပေါ်မှာ တည်ရှိပြီး အဲဒီနေရာမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ကယန်း၊ ကရင်၊ ပအိုဝ်း၊ ကရင်ဖြူစတဲ့ တိုင်းရင်းသားတွေက အခြေချနေထိုင်ခဲ့ကြတာပါ။ အရင်က ဒီနေရာမှာ တိုင်းရင်းသားတွေ နေထိုင်ကြတယ်ဆိုတာကို သိရှိသူနည်းပါးပေမယ့် အခုအချိန်မှာတော့ နေပြည်တော် တိမ်ပင်လယ်ကြောင့် တစ်စတစ်စနဲ့ လူသိများလာပြီ ဖြစ်ပါတယ်

ဒေသခံတိုင်းရင်းသားများနှင့်အတူ လက်ဖက်ခူးနိုင်မည့် လက်ဖက်စိုက်ခင်းများ။

စာမျက်နှာ ၁၆ မှ

မြသီတာရေတံခွန်ကတော့ မြသီတာကျေးရွာအနားမှာရှိပြီး ကျေးရွာဘေးလမ်းကနေ သွားရောက်ရမှာဖြစ်ပါတယ်။ လမ်းလျှောက်ခရီးဖြစ်ပြီး ပထမဆုံး ရေတံခွန်အပေါ်ဆုံးအဆင့်ကို ရောက်မှာပါ။ ရေတံခွန်အောက်ခြေအထိ ဆင်းသက်နိုင်ပြီး နွေရာသီက သွားလာရအကောင်းဆုံးဖြစ်ပါတယ်။ မြေသားမာတဲ့အတွက် အခြားရေတံခွန်တွေလို ပင်ပန်းကြီးစွာ အားစိုက်ဆင်းရတာမျိုးမဟုတ်ဘဲ အနည်းငယ် ပင်ပန်းရုံနဲ့ ရောက်ရှိအမောပြေစေမှာ ဖြစ်ပါတယ်။

မြသီတာထွန်း သဘာဝအပန်းဖြေခန်း

ဝေသာလီကျေးရွာနဲ့ မြသီတာကျေးရွာလေးကို အမှီပြုပြီး ပြည်တွင်းခရီးသွားဧည့်သည်တွေ ညအိပ်တည်းခို အပန်းဖြေ အနားယူနိုင်ဖို့ Eco Resort တစ်ခုကိုလည်း မြင်တွေ့ရပါတယ်။ လက်ရှိမှာတော့ နှစ်ထပ်ဘန်ဂလို နှစ်လုံး၊ ဝါးတဲအိမ်ငါးလုံး တည်ဆောက်ထားတယ်လို့ ဖော်ဆောင်သူ ဆရာကောင်းထံက သိရှိရပြီး ထပ်မံပြီးတော့ နှစ်ထပ်ဘန်ဂလို သုံးလုံးတည်ဆောက်နေတယ်လို့ သိရပါတယ်။

“တောင်ပေါ်ဒေသဖြစ်လို့ ရာသီဥတုက နေလို့ အဆင်ပြေပါတယ်။ ညနေ ၆ နာရီနောက်ပိုင်းမှာ အအေးဓာတ်ပိုလာတတ်တယ်။ နေ့ခင်းပိုင်းကတော့ နေလိုအတော်အဆင်ပြေတယ်” လို့ မြသီတာထွန်း အီကိုရီဆော့ပိုင်ရှင်က ဆိုပါတယ်။

မြသီတာထွန်း သဘာဝအပန်းဖြေခန်းကို ဖော်ဆောင်ခဲ့တာ သုံးနှစ်ကျော်ကာလရှိပြီး မြသီတာ Eco Resort မှာ တည်းခိုပြီး ခြေကျင်လမ်းလျှောက်ကြိုက်သူတွေအတွက် တောလမ်းခရီး လမ်းလျှောက်ပြီး ပေတစ်ထောင်ကျော်မြင့်တဲ့ ခုနစ်ဆင့်မြသီတာ ရေတံခွန်ကြီးဆီကိုလည်း သွားရောက် လည်ပတ်နိုင်ပါသေးတယ်။ တစ်ခါတစ်ရံမှာ ရေတံခွန်မှာ၅ရှိတဲ့ အင်းဆက်ပိုးမွှားတွေကို စားသောက်နေထိုင်တဲ့ ရေကျီး၊ ငှက်ခေါင်းဝါ၊ အောက်ချင်းငှက်၊ ပအိုင်း အခေါ် အောင်းလောင်းငှက်တွေကိုလည်း တွေ့ရှိရပါတယ်။ ဒေသအစားအစာတွေကိုလည်း မှာယူစားသောက်လို့ ရနိုင်ပါတယ်။

တိမ်ပင်လယ်ကြည့်ရင်း၊ သဘာဝအစားအစာတွေကို စားသောက်အပန်းဖြေရင်း ရေတံခွန်အလှအပတွေကို ခံစားရင်း ကျေးလက်သဘာဝတွေကိုလည်း တွေ့ကြုံခွင့်ရမှာဖြစ်ပါတယ်။ တောတောင်ထဲမှာ ဒေသခံတိုင်းရင်းသားတွေနဲ့အတူ လက်ဖက်ဆွတ်ခူးလို့ရသလို ပြည်တွင်းလက်ဖက်ခြောက်လုပ်ငန်းတွေကိုလည်း သွားရောက်လေ့လာနိုင်ပါတယ်။ ဒေသခံတွေရဲ့ မိရိုးဖလာ လေ့ကားထစ်တောင်ယာတွေမှာ တိုင်းရင်းသားတွေ စိုက်ပျိုးထားကြတဲ့ ဖာလာတောတန်းတွေ၊ ကော်ဖီစိုက်ခင်းတွေ၊ နနွင်းစိုက်ခင်းတွေကို လေ့လာနိုင်တဲ့အပြင် နနွင်းထုတ်လုပ်ပုံတွေကိုလည်း သိရှိနိုင်မှာဖြစ်ပါတယ်။ ပြည်ရတနာကျေးရွာက နှစ်ချို့ညောင်ပင်တောအုပ်တွေနဲ့ အထက်ပေါင်းလောင်းဆည်ကြီးကို မြင်ရမယ့် မြင်ကွင်းတွေကိုလည်း တွေ့ရမှာပါ။

နေပြည်တော်ရဲ့ တိမ်ပင်လယ်ဒေသဟာ နေပြည်တော်မြို့တော်ရဲ့ ပထမဆုံး ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism)ကို အထောက်အကူဖြစ်စေဖို့အတွက် ရည်ရွယ်ပြီး အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။ နံနက်အစောပိုင်း နေထွက်ချိန်မှာ ရှုမျှော်မဆုံးတဲ့ တိမ်ပင်လယ်ကြီးနဲ့ သဘာဝအလှအပတွေကို ခံစားဖို့အတွက် နေပြည်တော်အနီးတစ်ဝိုက်က တိမ်ပင်လယ်နဲ့ တိုင်းရင်းသားရိုးရာကျေးရွာများဆီ လာရောက်လည်ပတ်နိုင်ပြီဆိုတာကို သတင်းပါးလိုက်ပါရစေ။ ။

လင်းခေးဒေသမှ မောင်ရင်လောင်းအား ပခုံးထမ်းသည့် စုပေါင်းရှင်လောင်းပွဲ

မြို့ဖူးဝေကင်း မြန်မာ့ရိုးရာနှစ်သစ်ကူးတော့မည့် နွေဦးကာလ တန်ခူးလခါသမယ ရှမ်းအညာမြေ၏ သာယာသောနံနက်ခင်းတစ်ခုတွင် ရှမ်းအိုးစည်တီးသံ၊ လင်ကွင်း ဝုံမောင်းတီးသံတို့က ဘဝဂ်ညံလျက် ရှမ်းတိုင်းရင်းသားတို့ ရိုးရာအကအလှ မြင်ကွင်းများက ကြားရ၊ မြင်တွေ့ရသူအပေါင်း၏ ဘဝင်နှလုံးအား ရွှင်ပြုံးစေလေသည်။ ထိုမြင်ကွင်းကား ရှမ်းတိုင်းရင်းသား လူမျိုးတို့၏ ဓလေ့ရိုးရာ စုပေါင်းမောင်ရင်လောင်း (စုပေါင်းရှင်ပြုပွဲတော်) ကျင်းပနေခြင်းပင် ဖြစ်ပေသည်။

တပေါင်း၊ တန်ခူး နွေရာသီကာလတွင် မြန်ပြည်တစ်ဝန်း အနယ်နယ်အရပ်ရပ်တို့၌ မိဘတို့၏ရင်နှစ်သည်းခြာသားသမီးရတနာတို့ကို သာသနာ့ဘောင် သွတ်သွင်းခြင်းဟူသည့် စုပေါင်းရှင်ပြုရဟန်းခံနှင့် နားသမင်္ဂလာ အလှူပွဲများကို မြန်မာတို့၏ ထုံးတမ်းစဉ်လာ မပျက်ဆင့်ဆွဲကြရာ လင်းခေးမြို့နယ်တွင်လည်း ရှမ်းတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့ စုပေါင်းရှင်ပြုပွဲကို ဤအချိန်တွင် အများဆုံး စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

လင်းခေးမြို့နယ်အတွင်းရှိ ဒေသများတွင် တန်ခူးလဆန်းပိုင်းမှစတင်ကာ ကဆုန်လပြည့်နေ့မတိုင်မီရက်အထိ နှစ်စဉ်နှစ်တိုင်း ရိုးရာရှင်လောင်းပွဲများ စုပေါင်းကျင်းပကြကာ ရှမ်းဘာသာစကားအားဖြင့် ရှင်ပြုပွဲ (မောင်ရင်လောင်းပွဲ)ကို “ပွဲဆံလောင်း” ဟု ခေါ်ဆိုပြီး စုပေါင်းရှင်ပြုအလှူမဂ်လာပွဲကို “ဟူမ်စူမ်းပန်ပွဲဆံလောင်း”ဟု ခေါ်ကြသည်။

“ကျွန်တော်တို့ ရှမ်းလူမျိုးတို့ရဲ့ ရှေးခေတ် အဆက်ဆက်ကတည်းက ဒီလိုစုပေါင်း ကျင်းပလာခဲ့ကြတာပါ။ ကျွန်တော်တို့ရဲ့ စုပေါင်းရှင်ပြုပွဲ ရှမ်းလို “ပွဲဆံလောင်း” ကို အခုလို ပူးပေါင်း ဆောင်ရွက်ကြခြင်းအားဖြင့် အချင်းချင်း စည်းလုံးညီညွတ်မှုကို ပိုမိုရရှိစေပါတယ်ဟု မောင်ရင်လောင်းမိဘတစ်ဦးက ဆိုပါသည်။

ရှမ်းလူမျိုးတို့၏ ရိုးရာရှင်ပြုပွဲ ကျင်းပကြရာတွင် ဒေသတစ်နေရာနှင့် တစ်နေရာ ထုံးတမ်းအစဉ်အလာ တူညီကြသည်ရှိသကဲ့သို့ မတူကွဲပြားမှုများ ရှိကြသည်ကိုလည်း တွေ့ရှိရသည်။ လင်းခေးမြို့နယ်မှ ရှမ်းရိုးရာ ရှင်ပြုပွဲက အခြားဒေသဖြစ်သည့် မိုးနဲ့၊ မောက်မယ်၊ မိုင်းပန်မြို့များနှင့် ကျင်းပပုံ ထုံးတမ်း အနည်းငယ်စီကွဲပြားခြားနားသည်။ မိုးနဲ့၊ မောက်မယ်မြို့နှင့် မိုင်းပန်မြို့တို့၌ ကျင်းပကြရာတွင် မောင်ရင်လောင်းများအား အမွေးနုံ့သာရည်ဖြင့် ရေချိုးပေး၊ မောင်ရင်လောင်း ဝတ်စုံဝတ်ဆင်ပေးကြပြီးနောက် ဘိသိက်ဆရာက ဘိသိက်မဂ်လာပေးကာ မောင်ရင်လောင်းတို့အား ဆင်(သို့မဟုတ်) မြင်း စီးစေ၍ မောင်ရင်လောင်းလှည့်ကြသည်။

လင်းခေးဒေသ၌မူ မောင်ရင်လောင်းအား ရှင်လောင်းထိန်း(ခေါ်) မောင်ရင်လောင်းထိန်းများက ပခုံးထမ်း၍ လှည့်လည်ကြသည်။ ပခုံးထမ်း၍ ရှင်လောင်းအက ကကြသည့် ရိုးရာဓလေ့သည် အခြားမြို့များနှင့်မတူ တမူထူးခြားခြင်းကို မြင်တွေ့ရသည်။ ရှေးခေတ် ဘိုးဘွားများလက်ထက်ကတည်းမှ ရှိလာခဲ့သော လင်းခေးရှင်လောင်းပွဲ၏ မောင်ရင်လောင်းအား လူပခုံးထမ်းကာ ဆင်နွဲကြသည်မှာ လင်းခေးဒေသနေ ရှမ်းလူမျိုးတို့၏ ရိုးရာဓလေ့တစ်ခုဖြစ်သည်။

စုပေါင်းရှင်လောင်းပွဲ ကျင်းပတော့မည်ဆိုလျှင် ရပ်ကွက်ကျေးရွာလူကြီးများကပွဲကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့ကြပြီး ဘုန်းတော်ကြီးကျောင်းများတွင် သော်လည်းကောင်း၊ ရွာလယ်မှောရုံများ၌ လည်းကောင်း ရှင်ပြုအလှူမဂ်လာမဏ္ဍပ်များ စုပေါင်းပြုလုပ်၍ စုပေါင်းဧည့်ခံကျွေးမွေးကြသည်။ အလှူပစ္စည်းနှင့် ပွဲကုန်ကျစရိတ်ငွေကြေးကို အများအချိုးကျ စုပေါင်းထည့်ဝင်ကြသည်။ သို့တည်းမဟုတ် အလှူရှင်များထဲမှ ငွေကြေးပိုမိုပြည့်စုံတတ်နိုင်သူ ဒါယကာ ဒါယိကာမတချို့က တစ်ဦးတည်းမတည် အကုန်အကျခံ၍ ငွေကြေးအနည်းအကျဉ်းသာ တတ်နိုင်သူတို့အား လက်တွဲခေါ်ယူခြင်းဖြင့် လည်း ရိုးရာစုပေါင်းရှင်လောင်းပွဲကို ဦးဆောင်ကျင်းပလေ့ရှိသည်။

ဎင်းအပြင် ချက်ပြုတ်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ မောင်ရင်လောင်းထမ်းတပည့်များနှင့် ကွမ်းတောင်ပန်းတောင်ကိုင်လှယ်ပျိုဖြူများ၊ ရှမ်းအိုးစည် ဝုံမောင်းတီးသူများနှင့် ရှမ်းရိုးရာအက ကပြကြမည့်သူများအား သီးသန့်ဖိတ်ကြား အကူအညီတောင်းဆောင်ရွက်ကြပါသည်။ မောင်ရင်လောင်းယူသည့်နေ့ အလှူဝင်သည့် ပထမနေ့တွင် မောင်ရင်လောင်းများအား ဆရာတော်သံဃာတော်တို့ထံ ရှင်လောင်းအပ်ပြီး ဧည့်ပရိသတ်အား ဧည့်ခံကျွေးမွေးကြသည်။ အချို့အလှူများတွင် ရှင်လောင်းယူနေ့အပြင် နောက်ရက်များတွင်လည်း ဆက်လက်ဧည့်ခံကျွေးမွေးကြသည်။ အလှူပွဲကို နှစ်ရက်မှ ငါးရက်အထိ ကျင်းပလေ့ရှိသည်။ ညအခါ၌ ရှမ်းရိုးရာခေတ်ဟောင်းခေတ်သစ်ဇာတ်သဘင်၊ စတီတီရှိုး စသည့်ပျော်ပွဲရွင်ပွဲများကိုလည်း ထည့်သွင်းကျင်းပကြခြင်းဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ်အတွင်း စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလေ့ရှိသည့် ရှမ်းရိုးရာ စုပေါင်းရှင်လောင်းပွဲများ အကြောင်း တစ့ေတစောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

စိုင်းဇော်လတ်(လင်းခေး)

ပွင့်လင်းရာသီမှာ ရောင်းအားကောင်းသော ကျိုက္ခမီပင်လယ်ကမ်းခြေဒေသထွက် ဆေးဘက်ဝင် ပင်လယ်ကျောက်ပွင့်

ကျိုက္ခမီ ဧပြီ ၁

မွန်ပြည်နယ် သံဖြူဧရပ်မြို့နယ်ရှိ ကျိုက္ခမီပင်လယ်ကမ်းခြေဒေသထွက် ကျောက်ပွင့်(ခေါ်) ပင်လယ်ရေမှော်မှာ ဆေးဖက်ဝင်ပြီးလူကြိုက်များ လှသဖြင့် ယခုလို ပွင့်လင်းရာသီတွင် အထူးရောင်းအားကောင်းနေသော

ဒေသထွက်ကုန်တစ်မျိုးဖြစ်သည်။

ပင်လယ်ရေမှော်(Seaweed) တစ်မျိုးဖြစ်သော ပင်လယ်ကျောက်ပွင့်ကို မွန်ပြည်နယ် ကျိုက္ခမီကမ်းခြေရှိ ကျောက်တုံး၊ ကျောက်ဆောင်ကြားတွင် တွေ့ရများသည်။ မျိုးစိတ်မှာ Catenella ဖြစ်ပြီး Rhodophyta အုပ်စုဝင် Red Algae တစ်မျိုးဖြစ်၍ အမျှင်ကလေးများ သွယ်တန်းသည့် ပုံစံမျိုးရှိကာ နီညိုရောင်သန်းပြီး အခြောက်လှန်းလိုက်ပါက အညိုရောင် ပုံစံရှိကြသည်။

ပင်လယ်ကျောက်ပွင့်ကို မွန်တိုင်းရင်းသားများ အထူးတလည် ကြိုက်နှစ်သက်ကြသည်။ ကျိုက္ခမီပင်လယ်ကမ်းခြေရှိ ကျောက်တုံး၊ ကျောက်ဆောင်ကြားမှ ကျောက်ပွင့်အမျှင်လေးများ ခြစ်ယူပြီး နေလှန်းကာ ခြောက်သွေ့သွားပါက ဒေသထွက်ကုန်အဖြစ် ရောင်းချကြသည်။

ဒေသထွက် ကျောက်ပွင့်အခြောက် တစ်ပိသာလျှင် ကျပ် ၃၅၀၀၀ မှ ၃၇၀၀၀ အထိ စျေးနှုန်းရှိကြသည်။ ကျောက်ပွင့်ခြောက်အနည်းငယ်ကို ရေစိမ်လိုက်ရုံဖြင့် လေးငါးဆခန့် ပွားပြီး အသုပ်များတွင် အမယ်တစ်မျိုး အနေဖြင့်လည်းကောင်း၊ သူ့ချည်းသက်သက် ဆေးဖက်ဝင် “ကျောက်ပွင့်သုပ်” အဖြစ်လည်းကောင်း စားသုံးကြသည်။

ကျိုက္ခမီပင်လယ်ကမ်းခြေဒေသထွက် Catenella မျိုးစိတ်ပင်လယ်ကျောက်ပွင့်များသည် အိုင်အိုဒင်းဓာတ်ကြွယ်ဝသဖြင့် လည်ပင်းကြီး ရောဂါရှိသူများအတွက် အထူးသင့်တော်ပြီး ပွင့်လင်းရာသီတွင် ပို၍ ရောင်းအားကောင်းကြောင်း သိရသည်။ **ပင်လယ်ပြာ(ငါးဦးစီး)**

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အဆင့်မြင့်နည်းပညာများတွင် တရုတ်နှင့်ရုရှား ပူးပေါင်းသွားရန်ရှိ

ပေကျင်း ဧပြီ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရီကျင့်ဖျင်က တရုတ်နိုင်ငံသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ supply chain ကွင်းဆက်၊ ကြီးမားသော ပရောဂျက်များ၊ စွမ်းအင်ကဏ္ဍနှင့် အဆင့်မြင့် နည်းပညာနယ်ပယ်များတွင် ရုရှားနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ ဆောင်ရွက်ရန် အသင့်ရှိကြောင်း မတပ်လ ၂၁ ရက်က မော်စကိုဌ် ရုရှားဝန်ကြီးချုပ် Mikhail Mishustin နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မဟာဗျူဟာမိတ်ဖက်များ

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသည့်အကြီးဆုံးအိမ်နီးချင်း နိုင်ငံများဖြစ်ပြီး ဘက်စုံပူးပေါင်း ဆောင်ရွက်မှု၏ မဟာဗျူဟာမိတ်ဖက် များဖြစ်ကြောင်း၊ တရုတ်–ရုရှား ဆက်ဆံရေး၏ တည်ငြိမ်အေးချမ်းသော ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏ သမိုင်းဝင်ပြုယုဂ် နှင့် နှစ်နိုင်ငံပြည်သူများ၏ အခြေခံ အကျိုးစီးပွားများနှင့် ဆက်နွယ်မှုရှိကြောင်း ပြောဆိုခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ (CPC) ၏ အကြိမ် ၂၀ မြောက် အမျိုးသားကွန်ဂရက် အစည်းအဝေးသည် အောင်မြင်မှုတစ်ခု ဖြစ်ခဲ့ပြီး မကြာသေးမီက တရုတ်နိုင်ငံ၏ ပြည်နယ်အဖွဲ့အစည်းများမှ ခေါင်းဆောင် သစ်များကို ယခုနှစ်အစည်းအဝေး နှစ်ကြိမ်အတွင်း ရွေးကောက်တင်မြှောက် နိုင်ခဲ့ကြောင်း၊ တရုတ်အစိုးရသစ်သည် တရုတ်–ရုရှား ဘက်စုံပူးပေါင်း ဆောင်ရွက်ရေး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို လေးနက်စွာ တန်ဖိုးထားဂရိုဏိုပြီး နှစ်နိုင်ငံရည်မှန်းချက် သစ်များ အကောင်အထည်ဖော်ရန် တွန်းအားပေး၍ တရုတ်ဝန်ကြီးချုပ်နှင့် ရုရှားဝန်ကြီးချုပ်တို့ ပုံမှန်တွေ့ဆုံမှုများ မှ တစ်ဆင့်သော်လည်းကောင်း အခြား အဖွဲ့အစည်း ဆိုင်ရာ ဆက်သွယ်ရေး လမ်းကြောင်းများမှ တစ်ဆင့် သော်လည်းကောင်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု ရလဒ်သစ်များရရှိရန် ရုရှားဘက်မှ လက်တွဲဆောင်ရွက်ရန် ဆန္ဒရှိသည်ကို တွေ့ရကြောင်း ပြော ကြားသည်။

လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု

ရှပ်ထွေးသော ပြင်ပအခြေအနေများ ရှိသော်လည်း တရုတ်–ရုရှား ဘက်စုံ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက် မှုသည် ယခင်နှစ်ကတည်းက ခိုင်မာ သော ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့် ထိန်းသိမ်းထားနိုင်သည်ကို အလေးထား ပါကြောင်း၊ တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ ၏အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး ၁၃ နှစ်ဆက်တိုက် စွမ်းအင်ပူးပေါင်း ဆောင်ရွက်မှုကို နက်ရှိုင်းစွာ ဆက်လက် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ မဟာဗျူဟာ မြောက် ကြီးမားသော ပရောဂျက်များ တွင် ခိုင်မာသောတိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့ပြီး လူလူချင်းရင်းနှီး ချစ်ခင်မှုနှင့် ယဉ်ကျေးမှုဖလှယ်မှုများ အပြင် ဒေသတွင်းအဆင့် အပြန်အလှန် ဆက်ဆံမှုများပါ ထိန်းသိမ်းလာနိုင် ကြောင်း ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်

နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှု၏ အရေးအတွက် နှင့် အရည်အသွေးမြှင့်တင်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုများနှင့် ပုံပိုးကူညီမှုများ တိုးမြှင့်ရန်၊ စက်မှုကဏ္ဍနှင့် Supply Chain ကွင်းဆက်တစ်လျှောက် လုံခြုံ တည်ငြိမ်မှုရှိစေရေး နှစ်နိုင်ငံကြိုးပမ်း



အားထုတ် ဆောင်ရွက်ကြရန်အတွက် တောင်းဆိုခဲ့ပြီး နှစ်နိုင်ငံစွမ်းအင် လုံခြုံရေးကို ပူးပေါင်းကာကွယ် ဆောင်ရွက်ရန်၊ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုဖလှယ်မှုများကို တိုးချဲ့ ဆောင်ရွက်ရန်နှင့် ချိတ်ဆက်မှုကို ကြီးမားသည့် လုပ်ငန်းကဏ္ဍများတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ကြရန် လည်း တိုက်တွန်းခဲ့သည်။

တရုတ်နှင့် ရုရှားတို့သည် သိပ္ပံ သုတေသနလုပ်ငန်းများနှင့် ဆန်းသစ် တီထွင်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လိုအပ်ပြီး ယင်းကဲ့သို့ သော နယ်ပယ်များတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်လာစေရေး တွန်းအားပေး ဆောင်ရွက်ရန်နှင့် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်များတွင် တရုတ်–ရုရှားအားကစား ဖလှယ်မှုများ ဆက်လက်အောင်မြင်မှု ရရှိနိုင်ရေးအတွက် စီစဉ်လုပ်ဆောင် သွားရန် တိုက်တွန်းပြောကြားသည်။

ပြန်လည်အရွေးခံရပြီးနောက် သမ္မတရှီကျင့်ဖျင်၏ ပြည်ပခရီးစဉ်

ရုရှားနိုင်ငံဝန်ကြီးချုပ် Mishustin က Belt and Road Initiative နှင့် Eurasian Economic Union (EAEU) အကြား ပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်နိုင်ငံက အလွန်အရေးကြီး ကြောင်း၊ တရုတ်နှင့် နှစ်နိုင်ငံစီးပွားရေး နှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ သဘောတူညီချက်ကို အကောင် အထည်ဖော် ဆောင်နိုင်ရေးအတွက် ရုရှားနှင့် အခြားသော EAEU အဖွဲ့ဝင်များ နှင့်အတူ ဒေသတွင်းပူးပေါင်းဆောင်ရွက် မှုကို ပိုမိုမြင့်မားသော အဆင့်တွင် အကောင်အထည်ဖော် လက်တွဲ ဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ပြောကြားခဲ့သည့်အပြင် ရုရှားနိုင်ငံ ဝန်ကြီးချုပ်က သမ္မတရှီ၏ ရုရှားနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်တွင် ရုရှားအစိုးရ၏ အရေးကြီးသော အစိုးရအဖွဲ့ဝင်အားလုံး နီးပါးကို ဦးဆောင်၍ ရွေးထွေးစွာကြိုဆို ကြောင်း၊ ပြန်လည်အရွေးခံရပြီးနောက် သမ္မတရှီကျင့်ဖျင်၏ ပြည်ပခရီးစဉ် အဖြစ် ပထမဆုံးရုရှားနိုင်ငံကို ရွေးချယ် ခဲ့ခြင်းမှာ အလွန်အရေးကြီးကြောင်း၊ ရုရှား–တရုတ်ဆက်ဆံရေး ဖွံ့ဖြိုး တိုးတက်မှုမှာ သမိုင်းဝင်အမြင့်မားဆုံးသို့ ရောက်ရှိနေပြီး နိုင်ငံစုံမူဝါဒကို ပိုမို ကောင်းမွန်စွာ ကာကွယ်ရန်နှင့် လက်ရှိ နိုင်ငံတကာအခြေအနေတွင် ဘက်စုံ ကမ္ဘာကို မြှင့်တင်ရန် အထောက်အကူ ဖြစ်စေပါကြောင်း၊ ရုရှားဝန်ကြီးချုပ်နှင့် တရုတ်ဝန်ကြီးချုပ်ကြား ပုံမှန်တွေ့ဆုံမှု သည်လည်း ထူးခြားပါကြောင်း မှတ်ချက် ပြု ပြောဆိုခဲ့သည်။

ရုရှားနိုင်ငံသည် တရုတ်အစိုးရသစ် နှင့် နီးကပ်သော ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ဆောင်ရွက် ရန်၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ သဘောတူညီမှုများကို စိတ်အား ထက်သန်စွာ အကောင်အထည်ဖော်ရန် နှင့် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာ မြောက် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှု ကို အားကောင်းခိုင်မာစေရန် မျှော်လင့် ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ သဘာဝဓာတ်ငွေ့၊ နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုမှု၊ လေကြောင်းနှင့် အာကာသ၊ သိပ္ပံနှင့် နည်းပညာဆန်းသစ်တီထွင်မှု၊ နယ်စပ် ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး အစရှိသည့် နယ်ပယ်များတွင် ရုရှားနှင့် တရုတ် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် ဆန္ဒရှိကြောင်း၊ ဆက်သွယ်ရေး၊ ထောက်ပံ့ ရေးနှင့် စက်မှုလုပ်ငန်း ကွင်းဆက်များ တစ်လျှောက် ဘေးကင်းရေး၊ စားနပ် ရိက္ခာဖူလုံရေးနှင့် အခြားပြဿနာများ တွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်း ရန် လိုကြောင်း၊ ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစားစသည့် နယ်ပယ်များတွင် လည်း နှစ်နိုင်ငံပြည်သူ/ ပြည်သား အချင်းချင်းဖလှယ်မှုမှ ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာ နိုင်မည်ကို မျှော်လင့်ပါကြောင်း ဝန်ကြီးချုပ် Mishustin က ပြောကြား ခဲ့သည်။

စီးပွားရေးသံမှူး (ကူမင်း)

ခရီးသွားကဏ္ဍ ပြန်ကောင်းလာ၍ ထိုင်းစက်မှုအညွှန်းကိန်းများ ဖေဖော်ဝါရီလတွင် မြင့်တက်

ဘန်ကောက် ဧပြီ ၁

ပြည်တွင်းဝယ်လိုအားနှင့် ပြည်ပခရီးသွား လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမှု ကြောင့် ထိုင်းနိုင်ငံ၏ စက်မှုကဏ္ဍဆိုင်ရာ အညွှန်းကိန်းသည် ၄၇ လတာ ကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ သို့သော် ပို့ကုန်တင်ပို့နိုင်မှု အားနည်းနေခြင်းမှာ စိုးရိမ်ဖွယ်တစ်ခုဖြစ်ကြောင်း စက်မှုလုပ်ငန်းရှင်များ အဖွဲ့က ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် တွင် ပြောကြားခဲ့သည်။ စက်မှုကဏ္ဍဆိုင်ရာ အညွှန်းကိန်းမှာ ဇန်နဝါရီလတွင် ၉၃ ဒသမ ၉ ရှိခဲ့ရာမှ ဖေဖော်ဝါရီတွင် ၉၆ ဒသမ ၂ သို့ တိုးမြှင့်ရောက်ရှိခဲ့ပြီး ကိုဗစ်–၁၉ ကမ္ဘာ့ ကပ်ရောဂါမဖြစ်ပွားမီ ညွှန်းကိန်းအဆင့်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ထိုင်းစက်မှု လုပ်ငန်းအဖွဲ့ချုပ်က ပြောကြားသည်။

အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး စီးပွားရေး မောင်းနှင်အားတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍအနေဖြင့်လည်း ယခင် ၂၀၂၂ ခုနှစ်က နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုဦးရေ ၁၁ ဒသမ ၅ သန်းအထက်ကို ကျော်လွန်၍ ယခုနှစ်တွင် ၂၅ သန်းမှ သန်း ၃၀ အကြားရောက်ရှိရန် မျှော်လင့်ထားကြောင်း ထိုင်းအစိုးရက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ နယ်စပ်ဝင်/ ထွက်ပေါက်များ ပြန်လည်ဖွင့်လှစ်ရေးမူများအပါအဝင် စက်မှု ကုန်ကြမ်းကုန်ကျစရိတ် သက်သာစေမှုများ ကလည်းကောင်းမွန်သည့်ရလဒ်များဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Kriengkrai Thiennukul က သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။ စက်မှု ကဏ္ဍညွှန်းကိန်းများအရ စက်မှုလုပ်ငန်း စီမံကိန်းများသည် ယခုနှစ် ဖေဖော်ဝါရီတွင် လည်း တိုးတက်နေခဲ့ပြီး နောင်သုံးလအထိ တိုးတက်ဖွယ်ရှိကြောင်း ပြောသည်။

ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Kriengkrai Thiennukul က ထိုင်းအစိုးရသစ် မမြဲစည်းမိအချိန်အထိစီးပွားရေးအထောက်အပံ့ အစီအစဉ်ကဲ့သို့ ဘတ်ဂျက်ငွေထုတ်ချေးပေး မှုများကို အစိုးရအနေဖြင့် ဆက်လက် ဆောင်ရွက်ပေးစေလိုကြောင်းနှင့် အစိုးရသစ် ကို သြဂုတ်တွင် ဖွဲ့စည်းသင့်ကြောင်း ပြောကြားထားသည်။ မေလတွင် ကျင်းပမည့် ထိုင်းအစိုးရ၏ အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်ဌာနလည်း လုထုအတွက် အသုံးစရိတ် များကြောင့် ၎င်းတို့စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက် မှုအပေါ် အဟန့်အတားဖြစ်စေနိုင်မှုကို ရှောင်ရှားပေးရန် ထိုင်းစက်မှုလုပ်ငန်းရှင်များက အစိုးရသို့ တိုက်တွန်းထားရှိသည်။

ဌေကြေးဖောင်းပွမှုများနှင့် ဌေကြေး မတည်ငြိမ်မှုများ ဖြစ်ပေါ်နေချိန်၊ ကမ္ဘာလုံး ဆိုင်ရာ အတိုးနှုန်းများမြင့်မားနေချိန် ကမ္ဘာ ဝယ်လိုအားများလည်း ကျဆင်းနေသကဲ့သို့ ထိုင်းပို့ကုန် လျော့ကျနေမှုများကို စိုးရိမ်နေဆဲ ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များက ပြောသည်။ ထိုင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုအတွက် အရေးပါသည့် ပို့ကုန်တင်ပို့နိုင်မှု သည် ဇန်နဝါရီတွင် လေးလဆက်တိုက် ကျဆင်းနေခြင်း ဖြစ်သည်။ ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှုသည် ယမန်နှစ် နှင့် တန်းတူ (သို့မဟုတ်) ၁ ရာခိုင်နှုန်း လျော့ကျနိုင်သည်ဟု ထိုင်းနိုင်ငံ စက်မှုလုပ်ငန်း အဖွဲ့ချုပ်က မျှော်မှန်းထားခြင်းဖြစ်သည်။

အင်ဒိုနီးရှားအစိုးရက သကြားစျေးမတက်စေရန် ပြည်ပမှ တန်ချိန် ၂၁၅၀၀၀ တင်သွင်းမည်

ဂျကာတာ ဧပြီ ၁

အင်ဒိုနီးရှားအစိုးရက သကြားတန်ချိန် ၂၁၅၀၀၀ ကို ပြည်တွင်းဖုံးလုံရေး နှင့် သကြားစျေးနှုန်း စျေးမတက်အောင် ထိန်းထားနိုင်ရေးအတွက် တင်သွင်းမည်ဖြစ်ကြောင်း အင်ဒိုနီးရှား အမျိုးသားစားနပ်ရိက္ခာ အေဂျင်စီမှ သိရသည်။

အမျိုးသားစားနပ်ရိက္ခာ အေဂျင်စီအကြီးအကဲ၏ ထုတ်ပြန်ချက်တွင် ပြည်ပမှ သကြားဝယ်ယူတင်သွင်းမှုကို နိုင်ငံပိုင်စားသောက်ကုန် လုပ်ငန်းများဖြစ်သည့် ID Food နှင့် ဦးပိုင်ကုမ္ဂဏီ PTPN မှ ဆောင်ရွက် မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာ အတွင်း ပြည်တွင်းသကြားထုတ်လုပ်မှုသည် တန်ချိန် ၂ ဒသမ ၆ သန်း အထိ ရှိနိုင်ပြီး ပြည်တွင်းလိုအပ်ချက်သည် တန်ချိန် ၃ ဒသမ ၄ သန်း အထိ ရှိမည်ဟု ခန့်မှန်းထားသည်။

အဆိုပါ ကုမ္ဂဏီနှစ်ခုက ပြည်ပမှ သကြားများကို အသုတ်များခွဲပြီး တင်သွင်းမည်ဖြစ်ပြီး လိုအပ်သည့် သွင်းကုန်လိုင်စင်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ချပေးထားပြီးဖြစ်သည်။ မတ်လမှ မေလအတွင်း သကြားဖြူတန်ချိန် ၉၉၀၀၀ ခန့် ရောက်ရှိမည်ဖြစ်သည်။

အမျိုးသားစားနပ်ရိက္ခာအေဂျင်စီမှ ချမှတ်ပေးထားသော ပြည်တွင်း စျေးကွက် သကြားရည်ညွှန်းစျေးမှာ တစ်ကီလိုလျှင် ရူပီယာ ၁၄၅၀၀ ဖြစ်ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလက သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ ခင်ရတနာ စုစည်းဖော်ပြသည်။

ဗိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ပုသိမ် ဧပြီ ၁

ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ဗိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲအား ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးသည် မိုးစပါး၊ နွေစပါး စုစုပေါင်း ၈၈ ၅၁ သိန်းကျော် စိုက်ပျိုးပြီး စပါးတင်း သိန်းပေါင်း ၄၀၀ ကျော် ထွက်ရှိသည့် တိုင်းဒေသကြီးဖြစ်ကာ ပိုလျှံသည့် ဆန်များကို ပြည်တွင်းပြည်ပသို့ တင်ပို့လျက်ရှိပါကြောင်း၊ ၂၀၂၃ မိုးစပါးရာသီတွင် စိုက်ဧက တစ်သိန်းခန့်ကို မြေပြင်ခြင်းနှင့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပိုက်ဆံလျှော် (သစ်စိမ်းမြေဩ) များထည့်သွင်းစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်း၊ တိုင်းဒေသကြီးတွင် ဆီဖူလုံရေးအတွက် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ဖွဲနုဆီထုတ်လုပ်နိုင်ရန် ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့အတူ အသာ၊ ငါး၊ ဥ စားသုံးမှု ဖူလုံစေရေးနှင့် ရေထွက်ကုန် ပစ္စည်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေး အတွက်လည်း တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးလျက် ရှိကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက အစုအဖွဲ့ အသင်းများနှင့် လုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ စပါးခွဲလောင်စာတောင့် ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေ၊ ပီလောပီနံ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ အော်ဂဲနစ်မြေဩ ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေ၊ တိရစ္ဆာန်အစာ ထုတ်လုပ်မှုအခြေအနေ၊ အကျိုးတူ လယ်ယာစနစ် ဆောင်ရွက်မှုအခြေအနေ၊ ဆန်စက်လည်ပတ်ကြိတ်ခွဲမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြ ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၄ - ၂၀၂၃

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး	တစ်ကျပ်သား ကျပ် ၂၃၃၈၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး	တစ်ကျပ်သား ကျပ် ၂၃၂၆၈၀၀
ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး	တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၈၁
ကမ္ဘာ့ရွှေဈေးအပိတ်ဈေး	တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၇၅

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀	. ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၂၈၅	. ၂
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၇၉	. ၂
ထိုင်း	တစ်ဘတ်	ကျပ်	၆၁	. ၄၃၉
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၇၅	. ၀
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၇၅	. ၉၂
တရုတ်	တစ်ယွမ်	ကျပ်	၃၀၅	. ၅၈
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅	. ၅၃၈

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၀၇၀ ကျပ်	၂၁၂၀ ကျပ်
ပဓိမီယံဒီဇယ်(တစ်လီတာ)	၂၁၅၀ ကျပ်	၂၂၀၀ ကျပ်
အောက်တိန်း ၉၂	၂၁၀၀ ကျပ်	၂၁၆၀ ကျပ်
အောက်တိန်း ၉၅	၂၂၀၀ ကျပ်	၂၂၅၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၀၀၀	၈၀၀၀	၁၂	၉၆၀၀၀
MTSH	၃၀၅၀	၃၁၀၀	၂၈	၈၆၇၅၀
MCB	၇၃၀၀	၇၃၀၀	၅	၃၆၅၀၀
FPB	၁၅၀၀	၁၅၀၀	၁၄၀	၂၁၀၀၀၀
TMH	၀	၀	၀	၀
EFR	၀	၀	၀	၀
AHP	၅၀၀၀	၅၀၀၀	၁၀၁	၅၀၅၀၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

- စာတည်းမှူးချုပ် – အောင်နိုင်ဦး
- ခေတ္တစာတည်းမှူး – မြင့်စိုး
- သတင်းထောက်မှူး – ခင်ရတနာ
- စာတည်းများ – ကျော်ညဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- ဘာသာပြန် စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
- အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
- အယ်ဒီတန်း သတင်းထောက်များ – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
- ဓာတ်ပုံ သတင်းထောက် – တင်စိုး
- သုတေသန – အိအိခင်နှင့် အဖွဲ့
- စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
- စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
- အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
- ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
- ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀۹۷-၃۹۵۶၂၊ စာတည်းအဖွဲ့ ၀۹۷-၃۹۵۶၄၅၊ ဖက်စ် ၀۹۷-၃۹۵۶၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၇၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရင်ကွက်၊ ဗဟန်းဖြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ရေစောရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၃၊ ၀၁– ၅၅၉၁၁၀။ Fax ၀၁–၅၄၆၂၂၀၊ ၀۹۷-၃۹۵۶၄၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–۸۶۰۰۵۷۵۶။

MYANMAR Digital News

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၄-၂၀၂၃ — တနင်္ဂနွေနေ့

MRTV

- ၀၆:၀၀ ပထမဦးဆုတောက်ဘုရားကြီး၏ ထိုင်ကျောက်ပလင်းဆယ်(၁)
- ၀၆:၁၀ နံနက်ခင်းသတင်း
- ၀၆:၂၅ နိုင်ငံတော်မီးသတ်ဦးစီးဌာနတာဝန်ထမ်း ပြည်သူ့ဘဏ္ဍာရေးဝန်ကြီးဌာန(ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာန)(ကေတီပလိုင်)
- ၀၆:၅၅ ကရင်ကောလိပ် ပြုစုပင်ပ

(အပိုင်း-၅)
- ၀۷:۱۵ ဗိုလ်ချုပ်နိုင်ငံတော်ကများ
- ၀۷:۳۰ သတင်းသမားပြုတဲ့သတင်းစကား
- ၀۷:۳۰ 'ရေလုမ်းနှင့် H_2O' တက်ကောင်းပြည့် ထုတ်လွှင့်ကုမ္ပဏီအရင်း
- ၀۷:۰۰ အသိပညာမှုင်းအမှီလေးရား
- ၀۷:۱۵ This Week's Special Interest
- ၀۷:۲۰ MRTV National News
- ၀۷:۰۰ ပြန်မကမ္ဘာ၀ယ်ဖွင့်ပွဲ 'ဘဝတစ်ခု သားတစ်ခု' (ဝိုင်ယိုယိုတောင်ကုန်းသား)(ထိပ်ကိုက - ထောင်ပန်း)
- ၀۷:۲۵ Sports Diary
- ၀۷:۳۰ ဗိသုကာနိုင်ငံအတိုးတက်များ
- ၀۷:۳۰ နိုင်ငံတော်မီးလုပ်ကျွမ်းတတ်ပညာတတ်ပြည်ပ ကျောက်ရှိန်ဘဏ်(ကျောက်ပန်းတောင်)(ဒုတိယပိုင်း)
- ၀۸:۰۰ ပြည်တွင်းသတင်း
- ၀۸:۲۵ သုတဝင်းပြ...ဘိုးကောက
- ၀۸:۲۵ နိုင်ငံခြားတက်လမ်းပေါ် 'နိုင်ငံခိုင်ခဲ့ဟိုတဲ့ဘဝနဲ့ခိုင်ခဲ့' (ဝိုင်ယိုယို-၄)
- ၀۸:۰۰ ပြည်တွင်းသတင်း
- ၀۸:۰۰ နိုင်ငံတကာသတင်း
- ၀۸:۰۰ ရိုးရာပေးသောပြုကေ
- ၀۸:۰۰ ဗိုလ်ချုပ်နိုင်ငံတော်ကများ
- ၀۸:۲۵ ဘဏ္ဍာရေးနယ်ပယ် 'ချွေတာခြင်းပေါ်ရှိ ကြီးပွားရေး' (ကေတီပလိုင်)(ဝိုင်ယိုယို-၁)
- ၀۸:۰۰ ဘေးရောင်ခိုလွှင်
- ၀۸:۰۰ 'ဘဝတိုတဲ့ဝေဒနာ'

mtv

- 07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:07 Myanmar Bamboo Xylophone (or) Pattala
- 07:14 Three Beautiful Islands
- 07:34 The Coloured Glass Ball (Ywal) Juggling Master
- 08:01 News
- 08:26 Myanmar Traditional Snacks (Shwe Yin Aye)
- 08:33 The Recycle Art: Tyre
- 08:48 Thingyan Songs & Dances
- 09:02 His Life and His Art; Myanmarpyi Thein Tan - The Lengendary Musician (Epi - 4) 1970-1989
- 09:39 Today Myanmar: Migratory Birds in Moeyungyi Wildlife Sanctuary
- 09:46 Dances of Myanmar: Akha Traditional Dance
- 10:01 News
- 10:26 The Listening Eye

MRTV

- ခွင်း(ခြိုး) (၀၆:၁၀ မှ ၀၇:၁၀)
- ကမ္ဘာ (၁၃:၁၀ မှ ၁၄:၁၀)
- ပန်း (၀၇:၁၀ မှ ၀၇:၁၀)
- ဆေးကောင်း (၁၄:၁၀ မှ ၂:၁၀)
- ရုပ်ရှင် (၀۷:۱۰ မှ ۱۰:۰۰)
- ဘဝအရေးကြီးကြေးဘောင်(ဝိုင်ယိုယို-၁)
- ဘုရားတရားကျင့်ကြံ
- ဘဝကိုရောက်ရှုတွေ့ခင်း
- ကမ္ဘာ့ရိုးရာသီဓလေးထပ်
- ဘဝ (၁۰:۰۰ မှ ၁۰:۰۰)
- ကျန်းမာရေးနှင့်ပတ်သက်သော ကုသနည်းများ
- ကျန်းမာ (၁۰:۰۰ မှ ၁۰:۰۰)
- ကိုယ်ပိုင်

ရန်ကုန်တိုင်းအတွင်း ပဲတီစိမ်း ၃၅၈၃၃ ဧက စိုက်ပျိုးထားရာ ၁၆၃၉၃၇ ဧက ခူးဆွတ်ထား

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲမျိုးစုံသီးနှံ ဧက လေးသိန်းကျော် စိုက်ပျိုးသည့်အနက် ပဲတီစိမ်း ၃၅၈၃၃ ဧက စိုက်ပျိုးခဲ့ပြီး ၁၆၃၉၃၇ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ တစ်ဧကလျှင် ပျမ်းမျှအားဖြင့် ၁၄ ဒသမ ၆၂ တင်းနှုန်းထွက်ရှိခဲ့၍ ဧပြီလအထိ ပဲတီစိမ်းများကို ခူးဆွတ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပဲတီစိမ်းစိုက်ပျိုးသော တောင်သူအချို့မှာ ယခုနှစ်တွင် နေကြာကို စမ်းသပ်စိုက်ပျိုးကြခြင်း၊ ရာသီဥတုအခြေအနေကြောင့် ပဲတီစိမ်းစိုက်ပျိုးရန် မြေပြုပြင်မှုနောက်ကျခြင်းတို့ကြောင့် ယခုနှစ် ပဲတီစိမ်းစိုက်ပျိုးမှုမှာ ယမန်နှစ်ထက် အနည်းငယ်လျော့သွားသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိုးမြှင့်စိုက်ပျိုးထားသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယမန်နှစ်က ပဲတီစိမ်းတစ်ဧကလျှင် ၁၄ ဒသမ ၉၃ တင်း ထွက်ရှိသောကြောင့် တိုင်းဒေသကြီးအတွင်း တင်းပေါင်း ၅၃ သိန်းကျော် ထွက်ရှိ

ခဲ့သည်။

"နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ ပဲတီစိမ်းနဲ့နွေစပါးကို စိုက်ပျိုးခဲ့တာရှိတယ်။ ပဲတီစိမ်းဆိုရင် မြို့နယ်ပေါင်း ၁၁ မြို့နယ် စိုက်ပျိုးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးက ထွက်ရှိတဲ့ ပဲတီစိမ်းကို EU ကို ပို့တာရှိတယ်။ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဆိုရင် GAP နည်းစနစ်နဲ့အောင်မြင်နေကြတယ်။ ပဲတီစိမ်းကို တောင်သူတွေလည်း အားပြုစိုက်ပျိုးခဲ့ကြသလို နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ ပံ့ပိုးပေးထားကြောင့် နေသင့်နှစ်တွေမှာလည်း ဆက်လက်စိုက်ပျိုးနိုင်အောင် အခုကတည်းက စာရင်းပြုစုနေကြပါပြီ။ လာမယ့်နှစ်တွေမှာလည်း ရန်ကုန်တိုင်းမှာ ပဲတီစိမ်းကို ဧက တိုးမြှင့်စိုက်ပျိုးဖို့ကြိုးစားသွားမှာပါ"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်းစိုက်ပျိုးမှုမှာ အားကောင်းလျက်ရှိရာ ပြည်တွင်းစားသုံးလျက်ရှိသည့် ပဲပင်ပေါက်၊ ပဲတီစိမ်းမှ ထုတ်လုပ်သော စားသောက်ကုန်များနှင့် ပြည်ပပို့ကုန်အဖြစ် အားထားရသော သီးနှံတစ်ခုဖြစ်သည်။

ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး

ဟုမ္မလင်း၌ သီးနှံစိုက်ပျိုးရေးဆိုင်ရာ တောင်သူနည်းပညာပေးသင်တန်းဖွင့်

ဟုမ္မလင်း ဧပြီ ၁

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ နာဂဒေသလေရှီးမြို့နယ် တောင်သူပညာပေးအဖွဲ့က ဟုမ္မလင်းမြို့နယ်ရှိ ဒေသခံတောင်သူများ မျိုးကောင်းမျိုးသန့် ပိုမိုပြောင်းလဲသုံးစွဲလာစေရေး၊ ရေသိုလှောင်ထိန်းသိမ်းခြင်း နည်းလမ်းများ အသုံးပြုလာစေရေး၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကုန်ကျစရိတ်သက်သာသည့် သဘာဝပိုးသတ်ဆေး သဘာဝမြေဩဇာများ တောင်သူကိုယ်တိုင် ပြုလုပ်သုံးစွဲတတ်လာစေရေး၊ သီးနှံအထွက်နှုန်းတိုးတက်မြင့်မားလာစေရေး ရည်ရွယ်၍ သီးနှံစိုက်ပျိုး

ရေးဆိုင်ရာ တောင်သူနည်းပညာပေးသင်တန်းကို မတ် ၃၀ ရက်က ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ဒုတိယခရိုင်အုပ်ချုပ်ရေး ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာအထောက်အကူ ပစ္စည်းပေးအပ်သည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၀ အား သင်တန်းဆရာ ဆရာမများက ဘက်စုံသီးနှံကာကွယ်ရေးနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်း၊ ရေစုဆောင်းခြင်းနှင့် ရေချေတာသုံးစွဲစုဆောင်းခြင်း၊ နိုင်ငံခြားဈေးကွက်ဝင် မက္ကဆေးမီးယားစိုက်ပျိုးခြင်း၊ အာဟာရပြည့်ဝ သောမှိုမျိုးစုံ စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာများကို ဆွေးနွေးပို့ချ ပေးခဲ့ဖြစ်ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

ရေစကြိုမြို့နယ်၌ ဝါစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

ရေစကြို ဧပြီ ၁

ရေစကြိုမြို့နယ်၌ ဝါသီးနှံများကို ယခင်နှစ်ကထက် တိုးချဲ့စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး အထွက်နှုန်းကောင်းမွန်သဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကြကြောင်း သိရသည်။

ရေစကြိုမြို့နယ်၌ စိုက်ပျိုးကြသည့် ဝါအမျိုးအစားများမှာ ငွေတောင် ၁၀၊ ငွေချည် ၉-၁၀၊ ရာကာ ၆၆၆ နှင့် သက်ကြီးမျိုးဖြစ်သော ကမ္ဘောဇမျိုးများဖြစ်ပြီး ရာကာ ၆၆၆ မျိုးမှာ ဒေသမြေအနေအထားနှင့် ကိုက်ညီသောကြောင့် အများဆုံး စိုက်ပျိုးကြသည်။ ရေစကြိုမြို့နယ်တွင် ဒေသစီးပွားဖြစ်အနေဖြင့် နှစ်စဉ်စိုက်ပျိုးကြပြီး ယခင်နှစ်က စိုက်ဧက ၇၀ ခန့်ရှိကာ ယခုနှစ်တွင် စိုက်ဧက ၁၂၀ အထိ တိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။

ဝါစိုက်ပျိုးရာတွင် တစ်ဧကလျှင် ဝါစေ့မျိုး သုံးပိသာ ပက်ကြဲပြီး အတန်းလိုက်ရေသွင်းစနစ်ဖြင့်စိုက်ပျိုးကြောင်း၊ ယခင်နှစ်က တစ်ဧက ကုန်ကျစရိတ်အနေဖြင့် သုံးသိန်းခန့်ရှိပြီး ပိသာ ၄၀၀ ခန့် ထွက်ရှိကြောင်း၊ စေ့ဖူးနှုန်းအနေဖြင့် ဝါတစ်ပိသာလျှင် ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ ရောင်းချရကြောင်း၊ ယခုနှစ်တွင် ဝါစိုက်တောင်သူများအနေဖြင့် ရိတ်သိမ်းခူးဆွတ်ပြီးချိန်တွင် စေ့းကောင်းရရှိစေရန် စနစ်တကျနေလှန်း၍ ပြန်လည်သန့်စင်ပြီး သိုလှောင်ထားကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးစရိတ်

မြင့်မားမှုကြောင့် တစ်ဧက ကုန်ကျစရိတ် ငွေကျပ် ငါးသိန်းခန့်ရှိကာ တစ်ဧကလျှင် ပိသာ ၅၀၀ ခန့်ထွက်ရှိကြောင်း၊ ဝါတစ်ပိသာလျှင် ၂၃၀၀ မှ ၂၄၀၀ အထိ ရောင်းချရသဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း၊ ထွက်ရှိသော ဝါများကို မြို့ပေါ်ရှိ ဝါပွဲစားများအား ရောင်းချသည့်အပြင် စစ်ကိုင်းနှင့်မန္တလေးမြို့များသို့လည်း တင်ပို့ ရောင်းချကြကြောင်း စည်သာကျေးရွာမှ ဝါစိုက်တောင်သူများထံမှ သိရသည်။

မောင်လှလင် (ရေစကြို)

မက်မန်းမြို့နယ်၌ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်

မက်မန်း ဧပြီ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် တာကော်လေးကျေးရွာအုပ်စုနှင့် ရောင်အူ "ဝ"ကျေးရွာအုပ်စုရှိ တောင်သူများအား နေ့အလိုက် နှစ်ရှည်/ နှစ်ချင်း သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း ပညာပေးသင်တန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဖွင့်လှစ်ပို့ချ လျက်ရှိသည်။

မက်မန်းမြို့နယ် တာကော်လေးကျေးရွာ၌ မတ် ၃၀ ရက်က ဖွင့်လှစ်သည့် သင်တန်းတွင် တာကော်လေး၊ နာလုံ၊ နာဟုံ၊ ရောင်းအူ "ဝ" ကျေးရွာ၊ မင်ကေါ်ကျေးရွာ၊ ပန်ကလော်ကျေးရွာနှင့် ကာပတ်ကျေးရွာများရှိ တောင်သူများအား နိုင်ငံစီးပွားမြှင့်တင်ရေး၊ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ရှည်/ နှစ်ချင်းသီးနှံများ စနစ်တကျ ဒေသတွင်းစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးပညာရှင်များက ကျေးရွာများအရောက်ကွင်းဆင်း၍ စိုက်ပျိုးနည်းစနစ်များ ပို့ချပေးခဲ့သည်။ ကျေးရွာများရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့်လည်း နှစ်ရှည်/နှစ်ချင်း သီးနှံများ စိုက်ပျိုး၍ မိသားစုစားဝတ်နေရေးတိုးတက်အောင် ဖန်တီးနိုင်မည့် အခွင့်အလမ်းများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းတွင် ကျေးရွာ ၃နှစ်ရွာရှိ စိုက်ပျိုးရေးတောင်သူ ၁၈၀ အား သင်တန်းနည်းပြ ငါးဦးက နှစ်ရက်တာ သင်တန်းပို့ချပေးခဲ့သည်။ အဆိုပါ သင်တန်းတွင် စိုက်ပျိုးနည်းစနစ်များကို တောင်သူများအတွက် လက်တမ်းစာစောင်များကို လည်း ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမျိုးခိုင်ထံမှ သိရသည်။

ခရိုင် (ပြန်/ဆက်)

ငမြောင်မြောင်းမှ ရေကျအဆောက်အအုံတစ်ခု ပြန်လည်ပြုပြင်ပြီးစီးသဖြင့် သီးနှံမျိုးစုံ ဧက ၄၀၀ ကျော်အတွက် စိုက်ပျိုးရေများ ပြည့်ဝစွာပေးဝေနိုင်

ကျောက်ဆည် ဧပြီ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ငမြောင်မြောင်း၏ ရေကျအဆောက်အအုံတစ်ခု ပြန်လည်ပြုပြင်ပြီးစီးသဖြင့် သီးနှံမျိုးစုံ ဧက ၄၀၀ ကျော်အတွက် စိုက်ပျိုးရေများ ပြည့်ဝစွာပေးဝေနိုင်ပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေကျအဆောက်အအုံသည် ကျောက်ဆည်မြို့နယ် ကုလ ကျေးရွာအနီး ငမြောင်မြောင်း၏ ပေတိုင်အမှတ်(၁၂+၂၀၄) ရှိ ရေကျအဆောက်အအုံတစ်ခုဖြစ်ပြီး နှစ်ကာလကြာမြင့်လာသဖြင့် အဆောက်အအုံ၏ အထက်ပိုင်းနှင့် အောက်ပိုင်းကြမ်းပြင်များနှင့် မြောင်းနံတော်ခမ်း ကျောက်ဆလံများ ပျက်စီးနေသဖြင့် ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်းနှင့် ပြင်ဆင်သည့်လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၅၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကျအဆောက်အအုံ ပြန်လည်ပြုပြင်ပြီးသဖြင့် စိုက်ပျိုးသီးနှံဧက ၄၀၀ ကျော်အတွက် စိုက်ပျိုးရေများပေးဝေရာတွင် ပြည့်ဝစွာပေးဝေနိုင်တော့မည်ဖြစ်ပြီး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေများ ပေးဝေရာတွင် ရေအလေအလွင့် ဆုံးရှုံးမှုနည်းပါးပြီး သီးနှံများအောင်မြင်သည်အထိ စိုက်ပျိုးရေများ ညီညွတ်မျှတစွာ ပေးဝေနိုင်ရန် ဘဏ္ဍာနှစ်အလိုက် ပြန်လည်ပြုပြင်ရမည့် မြောင်းများ၊ ပြွန်များနှင့် ရေခြေ့အဆောက်အအုံများ၊ ရေကျအဆောက်အအုံများ၊ မြောင်းရေလျှံထွက်ပေါက်များနှင့် မြောင်းကြမ်းပြင်များကို ပြန်လည်တူးဖော်ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

သက်မောင် (ကျောက်ဆည်)

ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ ယူ-၂၂ အသင်း လေ့ကျင့်ပြင်ဆင်

ရန်ကုန် ဧပြီ ၁

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၂ အသင်းသည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

ခြေစမ်းပွဲကစားမည်

မြန်မာ ယူ-၂၂ အသင်းသည် မတ်လနောက်ဆုံးပတ်မှ စတင်ကာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်ထားပြီး ပဏာမကစားသမား ၃၀ ကျော်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနည်းပြဖြစ်သူ ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာက ကိုင်တွယ်နေပြီး ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်ချိန် တစ်လကျော်ရရှိမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဧပြီလအတွင်း ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ နည်းပြဖိုက်အွန်ဘိုင်နာသည် လက်ရွေးစင်နှင့် ယူ-၂၂ အသင်းကို ပူးတွဲတာဝန်ယူခြင်းဖြစ်ပြီး လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ ယူ-၂၂ အသင်းနှင့် ပထမဆုံးယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲလည်းဖြစ်သည်။

ဟိန်းထက်အောင် ပါဝင်လာ

မြန်မာ ယူ-၂၂ အသင်းတွင် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမား အနည်းငယ်သာ ပြန်လည်ပါဝင်လာပြီး ကစားသမားသစ်အများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပြည်တွင်း ကလပ်များတွင် ကစားနေသူ အများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်ပကလပ်တွင် ကစားနေသူများအနက် အသက်မီသူ တောင်ပံတိုက်စစ်

မြန်မာ ယူ-၂၂ အသင်းနည်းပြ ချုပ် ဖိုက်အွန်ဘိုင်နာ။

ကစားသမား ဟိန်းထက်အောင် တစ်ဦးတည်းသာ ပါဝင်လာသည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၂ ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပမည်ဖြစ်သော်လည်း ယခုနှစ်တွင် အသက်ကျော် ကစားသမားများ ထည့်သွင်း အသုံးပြုခွင့်ပေးမည် မဟုတ်ကြောင်း သိရသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

AFF Futsal Cup ပြိုင်ပွဲတွင် မြန်မာကလပ် VUC အသင်း ယှဉ်ပြိုင်ခွင့်ရရှိ

ရန်ကုန် ဧပြီ ၁

အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် AFF Futsal Cup ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည်။

VUC အသင်းသည် ယခင်က အာရှဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲသာ ယှဉ်ပြိုင်ဖူးပြီး အာဆီယံပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ခွင့်ရခြင်း ဖြစ်သည်။ ၂၀၂၂ နှစ်ကုန်ပိုင်းတွင် ကျင်းပပြီးစီးခဲ့သည့် MFF ဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ပထမဆုံးယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ ခုနှစ်အတွင်း ပထမဆုံးပြိုင်ပွဲအဖြစ် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲဖြစ်သည့် AFF Futsal Cup ပြိုင်ပွဲကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို မေ ၁ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အာဆီယံနိုင်ငံများမှ ဖူဆယ်ကလပ်အသင်းများ ယှဉ်ပြိုင်မည်ဖြစ်သည်။

AFF Futsal Cup ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာကလပ်အသင်းများမှာ ၂၀၁၅ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ မြန်မာကလပ်အသင်းများအနက် MIU အသင်းသည် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်တို့တွင် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ယင်းလေးကြိမ်စလုံး တတိယဆုရရှိခဲ့သည်။ ၂၀၁၇ ပြိုင်ပွဲတွင် မြန်မာကလပ် PU အသင်း ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ၂၀၂၁ နှင့် ၂၀၂၂ ပြိုင်ပွဲတွင် မြန်မာကလပ်များ ယှဉ်ပြိုင်ခြင်းမရှိဘဲ ၂၀၂၃ ခုနှစ်မှ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

VUC အသင်းသည် လက်ရှိကျင်းပနေသည့် MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပထမအကျော့အပြီးတွင်လည်း ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ရဲရင့်လွင်

❍ *ကျောဖုံးမှ*

ဟာလန်နမပါသည့် မန်စီးတီးအသင်း၏ တိုက်စစ်ပိုင်းသည် ဂိုးပေါက်တည့်မတ်မှု ရှစ်ကြိမ်တွင် လေးကြိမ် ဂိုးအဖြစ်ပြောင်းလဲနိုင်သည်အထိ ထက်မြက်မှုရှိခဲ့သည်။ ပြိုင်ဘက်လီဗာပူးအသင်းသည် မန်စီးတီးအသင်းဘက်သို့ စုစုပေါင်း ဂိုးကန်သွင်းခွင့် လေးကြိမ်သာပြုလုပ်နိုင်ခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်မတ်ခဲ့သည်အထိ အသင်း၏ တိုက်စစ်၊ ခံစစ်နှင့် ကွင်းလယ်ချိတ်ကစားမှုအပိုင်း လိုအပ်ချက်များခဲ့သည်။

အကြိမ်ကြိမ်ခုခံကာကွယ်

ဦးဆောင်ဂိုးကို လီဗာပူးအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၁၇ မိနစ်တွင် ဆာလာက သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါ သွင်းဂိုးရယူပြီးနောက် လီဗာပူးအသင်း၏ ကစားအားတက်လာခြင်း မရှိဘဲ မန်စီးတီးအသင်း၏ ထိုးဖောက် တိုက်စစ်ဆင်မှုများကိုသာ အကြိမ်ကြိမ် ခုခံကာကွယ်ခဲ့ရသည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို အယ်ဗာရက်၏၊ ဒီဘရိုင်း၊ ဂန်ဒိုဂန်နှင့် ဂရီးလစ်ချ်တို့က ပွဲချိန် ၂၇ မိနစ်၊ ၄၆ မိနစ်၊ ၅၃ မိနစ်၊ ၅၃ မိနစ်နှင့် ၇၄ မိနစ်တို့တွင် သွင်းယူနိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် ယခုနိုင်ပွဲကြောင့် ၂၈ ပွဲကစားပြီး ရမှတ် ၆၄ မှတ်ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်ကာ ဦးဆောင်သူ အာဆင်နယ်အသင်းကို အနီးကပ်ဖိအားပေးလျက်ရှိသည်။ ပြိုင်ဘက်လီဗာပူးအသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် ၂၇ ပွဲကစားပြီး ရမှတ် ၄၂ မှတ်သာ ရရှိထားသောကြောင့် ဥရောပဝင်ခွင့်တစ်နေရာအတွက် လက်ကျန်ပွဲစဉ်များကို ရုန်းကန်ရတော့မည် ဖြစ်သည်။

အာဆင်နယ်နိုင်ပွဲရ

ည ၈ နာရီခွဲက တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့ကြသည့် ပွဲစဉ်များတွင် ဘုန်းမောက်၊ အာဆင်နယ်၊ ပဲလေ့စ်တို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ဘရိုက်တန်၊ နော်တင်ဟမ်အသင်းတို့ သရေကျခဲ့သည်။

ဘုန်းမောက်နှင့် ဖူလ်ဟမ်အသင်းတို့ပွဲစဉ်တွင် ဘုန်းမောက်က အကြိတ်အနယ် ကစားပြီး နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိကာ အာဆင်နယ်နှင့် လီဒစ်တို့ ပွဲစဉ်တွင် အာဆင်နယ်က ခြေစွမ်းပြကာ လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယခုပွဲ အနိုင်ရရှိမှုကြောင့် အာဆင်နယ်အသင်းသည် အမှတ်ပေးဇယားကို ရမှတ် ၇၂ မှတ်ဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ဘရိုက်တန်နှင့် ဘရန်ဖို့ဒ်အသင်းတို့ပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲအပြီးတွင် တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့သည်။ နော်တင်ဟမ်နှင့် ဝုဖ်အသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ အောင်ဇော်

လီဗာပူးအသင်းမှ ဆာလာ မန်စီးတီးအသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။

ယခုတစ်ပတ်ကြားရက်ဖြစ်တဲ့ ဧပြီ ၅ ရက်၊ ၆ ရက် နံနက်ပိုင်းတွေမှာ ပရီမီယာလီဂ် လက်ကျန်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အဆိုပါ လက်ကျန်ပွဲစဉ်တွေထဲမှာ ချယ်ဆီးနဲ့ လီဗာပူးအသင်း ထိပ်တိုက်တွေ့ဆုံနေတဲ့ပွဲစဉ် ပါဝင်သလို မန်ယူနဲ့ ဘရန်ဖို့ဒ်အသင်းတို့ တွေ့ဆုံတဲ့ပွဲစဉ်လည်း ပါဝင်နေပါတယ်။ မိုးစက်

လီဗာပူးကို အသာမရရင် ချန်ပီယံလိဂ်ဝင်ခွင့် မှေးမှိန်သွားနိုင်တဲ့ ချယ်ဆီး

ဘုန်းမောက် VS ဘရိုက်တန်

ဒီရာသီမှာ ဘရိုက်တန်က ဘုန်းမောက်အသင်းထက် ခြေစွမ်းသာလွန်နေပြီး ဥရောပဝင်ခွင့်တစ်နေရာဖို့အထိ မျှော်လင့်နိုင်တဲ့အသင်းဖြစ်ပါတယ်။ ဘုန်းမောက်က လာမယ့်နှစ် ပရီမီယာလီဂ် တင်ကျန်ရေးကြိုးစားအားထုတ်နေရတဲ့ အသင်းဖြစ်တယ်။

လီဒစ် VS နော်တင်ဟမ်

လီဒစ်ရော နော်တင်ဟမ်ပါ တန်းဆင်းဇုန်ဖိအားရှိနေတယ်။ နှစ်သင်းကြား ရမှတ်ကွာဟမှုမရှိပေမယ့် လီဒစ်က နော်တင်ဟမ်အသင်းထက် တိုက်စစ်စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်လေ့ရှိတယ်။ လီဒစ်အသာရဖွယ်ရှိတယ်။

လက်စတာ VS ဗီလာ

နောက်ပိုင်းပွဲစဉ်တွေမှာ လက်စတာအသင်းရဲ့ ခြေစွမ်းက အကျဘက် ဦးတည်လာပြီး ဗီလာအသင်းရဲ့ ခြေစွမ်းက အကောင်းဘက်ဦးတည်လာတယ်။ ရမှတ်လိုအပ်ချက်အရ ဗီလာအသင်းထက် လက်စတာအသင်း မဖြစ်မနေနိုင်ပွဲရဖို့ လိုအပ်တယ်။

ချယ်ဆီး VS လီဗာပူး

လီဗာပူးက ယခုပွဲစဉ်မတိုင်မီ မန်စီးတီး၊ ရီးရဲမက်ဒရစ်စတဲ့ အသင်းကြီးတွေနဲ့ ယှဉ်ပြိုင်ကစားထားရတယ်။ ယခုပွဲစဉ်ပြီးရင်လည်း ဦးဆောင်သူ အာဆင်နယ်အသင်းနဲ့ ထပ်မံကစားရဦးမယ်။ ဥရောပဝင်ခွင့်အတွက် နှစ်သင်းစလုံးအတွက် နိုင်ပွဲရဖို့ လိုအပ်တယ်။

ဝက်စ်ဟမ်း VS ကာဆယ်

နှစ်သင်းကြား ခြေစွမ်းကွာဟမှု ကြီးကြီးမားမားရှိပြီး ဝက်စ်ဟမ်းအသင်းထက် ကာဆယ်အသင်းက ဘက်စုံထောင့်စုံ သာလွန်တယ်။ ဒါကြောင့် သာမန်စွမ်းဆောင်ရည်ထက် ကြိုးစားအားထုတ်မှု လျော့နည်းခဲ့ရင် ကာဆယ်အသင်း အောင်ပွဲခံသွားမယ်။

မန်ယူ VS ဘရန်ဖို့ဒ်

မန်ယူက ဒီရာသီအိမ်ကွင်းမှာ ကစားထားတဲ့ လိဂ် ၁၃ ပွဲမှာ နိုင်ပွဲကိုးပွဲအထိ ရရှိထားပြီး အမှတ်အများဆုံး စုဆောင်းထားနိုင်တဲ့ အသင်းဖြစ်တယ်။ ဘရန်ဖို့ဒ်က အဝေးကွင်း လိဂ် ၁၃ ပွဲမှာ လေးပွဲအထိ ရှုံးနိမ့်ထားတယ်။ မန်ယူအသင်း အသာရမယ်။

ပရီမီယာလီဂ် လက်ကျန်ပွဲစဉ်များ

၅-၄-၂၀၂၃			ဗုဒ္ဓဟူးနံနက်
ဘုန်းမောက်	-	ဘရိုက်တန်	နံနက် ၁၃၅
လီဒစ်	-	နော်တင်ဟမ်	နံနက် ၁၃၅
လက်စတာ	-	အက်စ်တွန်ဗီလာ	နံနက် ၁၃၅
ချယ်ဆီး	-	လီဗာပူး	နံနက် ၁၃၀
၆-၄-၂၀၂၃			**ကြာသပတေးနံနက်**
ဝက်စ်ဟမ်း	-	နယူးကာဆယ်	နံနက် ၁၃၀
မန်ယူ	-	ဘရန်ဖို့ဒ်	နံနက် ၁၃၀

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ၌ ပထမအကြိမ် သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ရဲရိပ်သာရပ်ကွက် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးရှိ၍ ပထမအကြိမ် ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများ စုပေါင်း သွေးလှူဒါန်းပွဲကို ဧပြီ ၁ ရက် နံနက် ၉ နာရီက ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ခမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့အမျိုးသားသွေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိတာအောင်၊ စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးအောင်မြတ်၊ ဗိုလ်တထောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လွင်၊ ဗိုလ်တထောင် မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် ဗိုလ်တထောင် စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဧဝိတဒါန သွေးလှူဒါန်းသူများကို အားပေးစကားပြောကြားခဲ့သည်။ ပထမအကြိမ် ဒါန၌ဥပါဒေါ် စုပေါင်းသွေးလှူဒါန်းပွဲတွင် စုစုပေါင်း သွေးလှုရှင် ၁၀၈ ဦး သွေးပုလင်း ၁၀၈ ပုလင်းလှူဒါန်းနိုင်ခဲ့ကြောင်းသိရသည်။

အာကာလင်း

ဝါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများ ခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်း မျိုးရှိပါက ငါးမွေးမြူရေးကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကာနှအတွင်း လေ့လေ့လာပေးခြင်း၊ စသည့် နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်း ရွှေ့ခြင်းမပြုရန်။
- ကန်ရေ အရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်ဓနိန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန် မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစေ်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်း ရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင် ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာ သည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက် ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဒယ/၈၂၆၀၉ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်သက် ၁၀/မလမ(နိုင်)၂၅၃၀၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်ဂုဝအတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၊နေပြည်နယ်
ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၃၇၇၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဦး ၁၀/မလမ(နိုင်)၁၅၆၁၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၊နေပြည်နယ်
ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် ၇၃၃၂ ကဲ့သို့ ဆေသီလမ်းသွယ်(၂)၊ မြေကွက်အမှတ် ၃၃ ဧရိယာ ၀၃၃မ၁၁၀ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပိုရပ်အားလုံးတို့ကို လက်ရှိထား အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသူ ဒေါ်နုနုဆွေ ၁၀/ မလမ(နိုင်)၀၆၁၅ ထံမှ ကျွန်စပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းပယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေ ညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဓော်လတ် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၈)
အမှတ် ၃၆၊ မြေညီထပ်၊ မဟာစန္ဒာလ ပန်းခြံလမ်း(၂)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၂၅၄၁၁၇၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/44027, Super Sumbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမော်မော် ၉/မနတ(နိုင်)၀၅၁၅၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကည၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/8676, MAZDA TITAN SYF 4T, Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးညီညီအောင် ၁၃/ကမန(နိုင်)၀၀၀ရ၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကည၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျောင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တင်ဒါခေါ်ယူရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျောင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာ ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် မြို့နယ်(၁၀)မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကုန် ထုတ်လမ်းတံတား၊ Culvert၊ မြေထိန်းနံရံ ကျေးလက်ရေရှရှိရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်-

(က)	တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်	-	(၂၀-၄-၂၀၂၃)ရက်နေ့,(ဗုဒ္ဓဟူးနေ့)မှ (၂၈-၄-၂၀၂၃)ရက်နေ့,(သောကြာနေ့)ထိ
(ခ)	တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်	-	(၅-၅-၂၀၂၃)ရက်နေ့,(သောကြာနေ့) (ညနေ ၄ နာရီ)
(ဂ)	တင်ဒါတင်သွင်းရမည့် နေရာ	-	ညွှန်ကြားရေးမှူးရုံး၊ ကျောင်ပြည်နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ် အချက်အလက်များကို ကျောင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းနံပါတ် (၀၉-၉၃၇၈၁၂၄၆၅)၊ ၀၉-၄၃၀၁၅၁၈၄၊ ၀၉-၄၀၀၀ စ၅၇၇၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
ကျောင်ပြည်နယ်

တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကျွဲဇေပ်ကျေးရွာနေ ဒေါ်ကြည်သိန်း၏ ဖခင် ဦးထူးညွှန့်နှင့် ဦးထွန်းညွှန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထူးညွှန့်(၁)ဦးထွန်းညွှန့်

အများသိစေရန်ကြေညာခြင်း

မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၇၁)၊ ဦးပိုင်အမှတ် (၃၃)၊ မြေဧရိယာ ၀၃၁မ ၃၀၄ ဧကရှိ မြေကွက်နှင့် ၁၂-၁-၂၀၁၇ ရက်နွဲပါ မြေဂရန်အမှတ်ဒဲအမှတ် ၀၂/မဆ/၂၀၁၇ အရ နှစ်(၃၀) မြေငှားဂရန်သည် ကျွန်မ ဒေါ်ဂျာနန် အမည်ပေါက် ပိုင်ဆိုင်ထားသော အိမ်ပိုင်းမြေဖြစ်ပါသည်။ အဆိုပါ အိမ်ပိုင်းမြေနှင့် ပတ်သက်ပြီး ၁၇-၃-၂၀၂၃ရက်တွင် မူဆယ်ခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၉/၂၀၂၃ အရ (၉-၇-၂၀၁၈)ရက်စွဲပါမြေကွက်အရောင်းအဝယ်စာချုပ်သည် ဟန်ဆောင် စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုဖြင့် ကျွန်မ ဒေါ်ဂျာနန်မှ တရားလို ပြုလုပ်၍ ဒေါ်ဆော်ရုန်းကြူးအား အမှု စွဲဆိုခဲ့ပါသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ အိမ်ပိုင်းမြေနှင့် ပတ်သက်ပြီး မူဆယ် မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၀-၄-၂၀၁၇ ရက်တွင် ဒေါ်ဂျာနန်မှ ဒေါ်ဆော်ရုန်းကြူးအား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ (Special Power) အား ဖျက်သိမ်းကြောင်းနှင့် တရားရုံး၏ ဆုံးဖြတ်ချက်ခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိပါဘဲ အခြားသူတစ်ဦးဦးမှ ပြန်လည် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပေါက် ပြောင်းလဲပြင်ဆင်ခြင်းနှင့် ဂရန် အမည်ပေါက် ပြောင်းလဲခြင်း တို့ကို မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဂျာနန် ၁၃/မဆတ(နိုင်)၀၁၃၀၆၉
ဟန/၁ဂို၊ ဟိုနားရပ်
ကောင်းမူးတုံ ရပ်ကွက်၊ မူဆယ်မြို့၊
ဖုန်း-၀၉-၂၅၁၁၀၄၂၈၈

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ကလိန်အောင်မြို့၊ ရေပုံးကျေးရွာနေ ဦးလှသိန်း ၆/ရဖန(နိုင်)၀၁၈၅၁၃ -ဒေါ်မူမူ ၆/ကလအ (နိုင်)၀၀၈၃၃၃ တို့၏ သားဖြစ်သူ မောင်သူရဇော် ၆/ကလအ(နိုင်)၀၀၃၄၉၄ သည် မိဘ ဖြစ်သူ ကျွန်တော်/ကျွန်မတို့၏ လမ်းညွှန်ဆုံးမ သွန်သင်မှုများကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေသဖြင့် ယနေ့မှစ၍ ၎င်းအား သား အဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော မည်သည့် ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှသိန်း ၆/ရဖန(နိုင်)၀၁၈၅၁၃
ဖုန်း-၀၉-၂၆၆၇၃၁၂၄

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာ ပူအေး ဥတုဘေး

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက နိုင်ငံလုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဒေါ်ခင်ပြုံးကြည်	စ/သရန (နိုင်) ၀၀၄၆၈၇	၆ဂုဝ၊ ဗိုလ်မြတ်ထွန်းလမ်းနှင့် ဂန္ဓာရုံလမ်းထောင့်၊ ၄ဂု-ရပ်ကွက်၊ ၁ဂုံမြို့သစ်(မြောက်ပိုင်း)	၄ဂု	၆ဂုဝ	ဦးသိန်းဝင်း
၂	ဒေါ်သဲစုမွန်ထွန်း	၄/ဟခန (နိုင်)၀၂၆၈၅	၈၉၆/ခ၊ စာဂလမ်းနှင့်စာဂ(၁၅)လမ်းထောင့်၊ ၄-ရပ်ကွက်၊ တောင်ဥက္ကလာပ	၄	၈၉၆	ဦးလှမောင်
၃	ဒေါ်နီနီသန်း	၁၂/ဥကတ (နိုင်)၁၀၈၀၈၈	၈၉၃/ခ၊ မိကသီ(၁၈)လမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပ	၁၂	၈၉၃/ခ	ဦးဆန်းသူ+ဦးမျိုးကျော်+ဒေါ်အေးအေးကြည်
၄	ဒေါ်တင်မာလွိင်	၁၄/အမတ (နိုင်)၁၁၀၄၂၄	၁၁၀ဂ/ဂ၊ ဦးဘဝင်းလမ်း၊ ၁၉-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)	သဂမ-၁၅	၁၁၀ဂ/ဂ	ဦးမောင်မောင်ညွှန့်
၅	ဒေါ်သောဝတီဝင်း	၁၄/ဖပန (နိုင်)၁၄၅၆၂၄	၁၂၄၆၊ ရာဇာဓိရာဇ်(၁)လမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ	၁၄/ရွှေပေါက်ကံ	၁၆	ဒေါ်ကျင်သောင်း
၆	ဒေါ်မိမိခိုင်+၁	၁၂/လမန (နိုင်)၀၆၁၂၄၂	၁၄၊ မရမ်းမြေင်လမ်း၊ ၇-ရပ်ကွက်၊ လှိုင်	၁၆	၂၅/ဆ၏ တမ်းတိတ်အသေ	ဒေါ်အုန်းမြ
၇	ဦးနေမင်း	၁၂/ဥကတ (နိုင်)၁၈၆၃၁၅	၉၄ဂ/ဂ၊ သီရိရတနာလမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပ	၁၂	၉၄ဂ	ဒေါ်မြတ်+ ဦးတင်အောင်
၈	ဦးအောင်ကျော်စိုး	၁၄/ဒဒရ(နိုင်)၁၀၆၄၉ဂ	၂၆/ခ၊ မန္တလေးလမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)	သဂမ-၃	၂၆/ခ	ဦးကျော်သိန်း
၉	ဒေါ်ရီရီဆန်း	၁၂/အစန (နိုင်)၁၀၀၀၂၄	၂၃၀/ခ၊ အနော်ရထာလမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)	သဂမ-၃	၂၃၀/ခ	ဦးဝင်းထွန်း
၁၀	ဒေါ်ခင်စန်းယု	၁၂/ဒပန (နိုင်)၀၁၉၆၂	၂၉၉/ခ၊ အောင်မေတ္တာလမ်း၊ ၁၀-ရပ်ကွက်၊ တောင်ပုံ	၁၂	ခ/၁၉၄	ဦးထွန်းမြင့်+ ဦးထွန်းလင်းစိုး
၁၁	ဒေါ်နီနီသောင်း	၁၂/ဒဂတ (နိုင်)၀၂၄၂၃၉	၄/၂၀၊ မြိတ်လမ်း၊ ၂၁-ရပ်ကွက်၊ ခဂုံမြို့သစ်(တောင်ပိုင်း)	၂၁	၄/၂၀	ဦးတင်မောင်ဝေ
၁၂	ဒေါ်ခွေးမ	၈/ပခက (နိုင်)၀၂၅၁ခ၂	၁၀၅/ဂ၊ ရွှက်လှလမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ	၂၄	၁၀၅/ဂ	ဦးလှဝင်း
၁၃	ဦးအောင်တေဇာဝင်း	၁၂/ဗတထ (နိုင်)၄၃၈၂၈၃	၈၈၉/ဂ၊ ဝေယန္တရာလမ်း၊ ၁၅-ရပ်ကွက်၊ ရွှေပြည်သာ	၄၁	၈၈၉/ဂ	ဦးငွေးလွင်
၁၄	ဦးကျော်ဟန်	၁၂/လမန (နိုင်)၀၁၂၅၀	၁၀၉၉/ခ၊ မဟော်သဓာလမ်း၊ ၁၄-ရပ်ကွက်၊ ရွှေပြည်သာ	၄ဂ	၁၀၉၉/ခ	ဒေါ်ဥမ္မာခင်
၁၅	ဦးတင်မြင့်	၁၂/မရက (နိုင်)၀၁ဧ၃၆	၄၄/ဂ၊ အောင်မင်္ဂလာ(၁)လမ်း၊ ၄-ရပ်ကွက်၊ မရမ်းကုန်း	၃၅/သမိုင်း	၄/ဃ-၂အစိတ်အပိုင်း ၁၀/ညဉ-၃အစိတ်အပိုင်း	ဦးသိန်းမောင် ဒေါ်ခင်ခင်ကြီး

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသိပေးကြေညာချက်

၁။ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ ရေကြောင်း/လေကြောင်းများမှတစ်ဆင့် တင်သွင်း/တင်ပို့မည့် ကုန်ပစ္စည်းများအား မဟာသင်္ကြန်နဲ့ရုံးပိတ်ရက် ဖြစ်သော ၈-၄-၂၀၂၃ရက်၊ ၁၀-၄-၂၀၂၃ရက်၊ ၁၂-၄-၂၀၂၃ရက်၊ ၁၄-၄-၂၀၂၃ရက် နှင့် ၁၆-၄-၂၀၂၃ရက်တို့တွင် Overtime (အချိန်မှိုပ)ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ထို့အပြင် အရေးပေါ် COVID ဆေးနှင့် ဆေးဝါးပစ္စည်းများ၊ နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီး တင်သွင်းလာသောပစ္စည်းများထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက ရုံးချုပ်တွင် အသင့်စာ့ဖွဲ့ထားရှိ၍ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

